ကြေးမှန်

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ တနင်္လာနေ့၊ (14-2-2016) (စာမျက်နှာ ၆)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိုး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့ ထွက်ခွာ

သတင်း စာမျက်နှာ-၃

ရေပေးဝေရေးစနစ် မဟာဗျူဟာများနှင့်အတူ အနာဂတ်ရန်ကုန်မြို့၏ ဒေတာမီရေပြန့်ပြူးရေးကွန်ရက်

ရန်ကုန်မြို့တော်တွင် ၂၀၀၅ ခုနှစ်မတိုင်မီ လော်ကား၊ ကျိုးပြု၊ ဖူးကြီးရေလှောင်ကန်များနှင့် အဝီစိတွင်းများမှ တစ်နေ့လျှင် သောက်သုံးရေဂါလန် စ၅သန်းပေးဝေခဲ့ရာမှ ၂၀၀၅ ခုနှစ်နောက်ပိုင်း ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း (ညောင်နှစ်ပင်) ရေသန့်စင်စက်ရုံ ပထမအဆင့်တည်ဆောက်ခြင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ရေပေးဝေရေးစခန်း အမှတ်(၁)နှင့် အမှတ်(၂)တို့တည်ဆောက်ခြင်း၊ လှိုင်သာယာမြို့နယ်၌ သဲဖြူရေပေးဝေရေးစခန်းတည်ဆောက်ခြင်း၊ အဝီစိတွင်းများ ထပ်မံတူးဖော်ပေးခြင်း၊ ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့နယ်သို့ ရေပေးဝေနိုင်ရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင်တွဲတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာတွင် အဝီစိတွင်းများ တူး၍ရေပေးဝေမှုတို့ကြောင့် တစ်နေ့လျှင် ရေဂါလန်သန်း ၁၆၀ အထိတိုးမြှင့်ပေးဝေနိုင်ခဲ့ပြီး ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်) ဒုတိယအဆင့် စီမံကိန်းပြီးစီးခဲ့သည့် ၂၀၁၃ ခုနှစ် မတ်လမှစ၍ ယနေ့အချိန်အထိ တစ်နေ့လျှင် ရေဂါလန် ၂၀၅ သန်းပေးဝေနေသော်လည်း ရန်ကုန်မြို့ရှိ လူဦးရေ၏ ၆၀ရာခိုင်နှုန်းအတွက်သာ ဖြန့်ဖြူးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၄၀ ခုနှစ်တွင် တိုးမြင့်လာမည့် ရန်ကုန်မြို့တော်လူဦးရေ ၁၀ သန်းကျော်အား လိုအပ်ချက်ပြည့်မီစွာ ရေဖြန့်ဝေပေးနိုင်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperative Agency- JICA) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ "ရန်ကုန်မြို့တော် ရေပေးဝေရေးစနစ် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ"ကို ရေးဆွဲပြီး လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း၊ ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်း၊ တိုးမြစ်ရေပေးဝေရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❑

သတင်းဆောင်းပါး-စိုးစိုးနိုင်(ကြေးမုံ)
ဓာတ်ပုံ-စောသိန်းဝင်း

တည်ဆောက်ဆဲ လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း

အလုပ်လုပ်နေသူအများစုမှာ အမျိုးသမီးများဖြစ်ကြသည်။ တချို့သော အမျိုးသမီးများသည် ကလေးငယ်များကို စောင်နှင့်ပတ်လွယ်လျက် နောက်ကျောတွင်တင်ပိုးကာ ပေါက်တူးပေါက်နေကြ၏။ ပင်ပန်း၍ ညည်းညူရမည့်အစား သားချွေးတေးလေးတအေးအေးနှင့် ကြည်နူးစရာ မိခင်မေတ္တာကို ခံစားမိသည်။

ကြင်လှိုင်မြင့်၏ "တောင်ပေါ်ရွာလေး ယစကျီ"
ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ စာတည်းရုံးထောင့် ၁၄-၂-၂၀၁၆၊ တနင်္ဂနွေနေ့

ပြည်ထောင်စုငြိမ်းချမ်းရေးကိုကြိုဆို

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးအား ကြိုဆိုထောက်ခံပွဲအခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးတွင် ကျင်းပနေကြသည်ကို တွေ့ရသည်။ ထိုအခမ်းအနားများတွင် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး တက်တက်ကြွကြွဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်ကိုတွေ့ရသည်။

တိုင်းရင်းသားပြည်သူအားလုံးတို့သည် ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည်ကို အဆိုပါချီတက်ဆန္ဒပြုသည့်ပွဲများက သက်သေပြလျက်ရှိသည်။ မကြာသေးမီက နေပြည်တော်တွင်ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အသိအမှတ်ပြုထောက်ခံသည့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ ပကတိခံစားချက်များကို ဖော်ထုတ်ပြခြင်းဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏အနာဂတ်ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းရာ၌ အရေးကြီးသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အနာဂတ်နိုင်ငံတော်နှင့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအသီးအပွင့်များကို ခံစားနိုင်စေရန်ဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် ဆက်စပ်နေသဖြင့် ငြိမ်းချမ်းရေးရရှိလေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လေဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူအားလုံး ဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို ခံစားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးညီလာခံများကို တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့က တစ်ခဏက်ထောက်ခံနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးခဲ့သည်မှာ နှစ်ပေါင်း ၆၀မကရှိခဲ့ပြီဖြစ်သည်။ ထိုမျှကြာညောင်းခဲ့သည့်နှစ်များကြောင့် မြန်မာနိုင်ငံအတွက် အကျိုးရလဒ်ကောင်းများစွာ ဆုံးရှုံးနစ်နာခဲ့ရသည်။ ထိုအကျိုးရလဒ်များသည် အုပ်ချုပ်သူအစိုးရအတွက်မဟုတ်ချေ။ တိုင်းရင်းသားပြည်သူများအတွက်ဖြစ်၍ ငြိမ်းချမ်းရေးကို အောင်မြင်အောင် အားလုံးပါဝင်ဆောင်ရွက်သင့်သည်။

ဆွေးနွေးပွဲဟူသမျှတို့သည် အပေးအယူသဘော၊ မျှတသည့်သဘော၊ ရိုးသားသည့်သဘော၊ ယုံကြည်သည့်သဘောများကို ထားရှိကြသည်ဟူသော အချက်များကို တိုင်းရင်းသားပြည်သူတိုင်းနားလည်ကြသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုက်လဲ့စွာလိုလားတောင့်တနေသည့် ပြည်တွင်းငြိမ်းချမ်းရေးကိုရှေးရှုသော တွေ့ဆုံဆွေးနွေးပွဲများသည် အပြုသဘောဆောင်ပြီး ရိုးသားပွင့်လင်းသည်မှာ အထူးပြောဖွယ်မရှိချေ။

လွဲမှားခြင်းဟူသည် အစွန်းတရားနှစ်ပါး မလွတ်ကင်းသောကြောင့်ဖြစ်သည်။ အစွန်းနှစ်ပါးကိုရှောင်ရှား၍ မျှတစွာတွေးခေါ်ဆင်ခြင်ပြီး ဖြောင့်မတ်မှန်ကန်သော စေတနာအရင်းခံဖြင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ အကျိုးစီးပွားကိုရှေးရှုကာ ထာဝရငြိမ်းချမ်းရေးကိုရရှိစေရန် ဆက်လက်ညှိနှိုင်း အဖြေရှာနိုင်မည်ဆိုလျှင် ပြည်သူအားလုံးဝမ်းသာပီတိဖြစ်၍ သာဓုအနုမောဒနာခေါ်ဆိုကြမည်ဖြစ်သည်။

ယနေ့တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ မြို့နယ်အသီးသီးရှိ ပြည်သူလူထုများစုပေါင်း၍လည်းကောင်း ငြိမ်းချမ်းရေးဆန္ဒများကို ထုတ်ဖော်ပြသလျက် ပြည်ထောင်စုငြိမ်းချမ်းရေးကို မျှော်လင့်ခြင်းကြီးစွာဖြင့် ကြိုဆိုနေကြသည်။ ပြည်သူများ၏ဆန္ဒကိုဖြည့်ဆည်းပေးနိုင်ရန် ညီညွတ်ခြင်း၊ စည်းလုံးခြင်းကို ပြသကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်များ အားသွန်ခွန်စိုက် နှလုံးရည်ဖြင့် တောင်းဆိုခဲ့ကြစဉ်က တစ်တိုင်းပြည်လုံးပါဝင်ကာ လွတ်လပ်လိုပြီဟူသော ဆန္ဒကိုထုတ်ဖော်ခဲ့သလို ယနေ့မြန်မာတိုင်းရင်းသားပြည်သူတို့သည်လည်း တစည်းတလုံးတည်းပါဝင်ဆင်နွှဲကာ ငြိမ်းချမ်းလိုပြီဟူသော စိတ်ဆန္ဒကို တစ်ခဏက်ကြွေးကြော်ပြသလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူအားလုံးတို့၏အနာဂတ်ဖြောင့်ဖြူးသာယာသော လမ်းကိုလျှောက်လှမ်းနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ကြဉ်းနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

ရခိုင်ရိုးရာယဉ်ကျေးမှုများပေါင်းစပ်၍ အကြီးစားအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည့် စစ်တွေမြို့ ပွိုင့်အပန်းဖြေစခန်းဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၁၃

စစ်တွေမြို့၏ နာမည်ကျော် ပွိုင့်အပန်းဖြေစခန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ အကြီးစားအဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ခဲ့ရာ နိုင်ငံတကာ အပန်းဖြေစခန်းများ၏ စံချိန်စံညွှန်းနှင့်အညီ ရခိုင်ရိုးရာယဉ်ကျေးမှုများကို ပေါင်းစပ်၍ အကြီးစား အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အကြီးစားအဆင့်မြှင့်တင်မှု ဆောင်ရွက်ခဲ့သည့် စစ်တွေမြို့ပွိုင့်အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီတွင် အဆိုပါ ပွိုင့်အပန်းဖြေစခန်း မုခ်ဦးရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဇေယျကျော်ထင် ဦးမောင်မောင်အုန်းက ပွိုင့်အပန်းဖြေစခန်း အဆင့်မြှင့်တင်မှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ စစ်တွေပွိုင့်အပန်းဖြေစခန်းကို အကြီးစားအဆင့်မြှင့်တင်မှုအတွက် တာဝန်ယူဆောင်ရွက်ခဲ့သည့် အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီမှ ဒိသုကာအင်ဂျင်နီယာ ဦးထွန်းကျော်၊ မန်နေဂျင်း ဒါရိုက်တာ ဦးညီညီနှင့် တာဝန်ရှိသူများက စစ်တွေမြို့ ပွိုင့်အပန်းဖြေစခန်း ဖွင့်လှစ်သည့် အထိမ်းအမှတ်အလံများကို ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဇေယျကျော်ထင် ဦးမောင်မောင်အုန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့ထံပေးအပ်သည်။

ထို့နောက် စစ်တွေပွိုင့်အပန်းဖြေစခန်းကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် မြို့မိမြို့ဖ ဦးသာပွင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ပွိုင့်အပန်းဖြေစခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့သည်။

ယင်းနောက် ရခိုင်ညွှန့်ဖူးရုပ်တုရှေ့ ရင်ပြင်တွင် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ရခိုင်ရိုးရာဆီမီးခွက်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ အပန်းဖြေလာရောက်ကြသည့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြပြီး စစ်တွေပွိုင့်အပန်းဖြေစခန်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် လျှပ်စစ်မီးအလှများ ဖွင့်လှစ်၍ မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

ဇော်နိုင်ထွန်း (စစ်တွေ)

ကျေးရွာလမ်း အဆင့်မြှင့်ဆောင်ရွက်

ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁၃

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်တိုးတက်လာစေရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် အင်္ဂပူကျေးရွာတွင် အင်္ဂပူ-ကျုံလတာ ကျေးရွာချင်းဆက် မြေသားလမ်းခဲ့ခြင်း၊ ဂဝံခင်းခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၈ ရက်က ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

သရဖီ(ကွမ်းခြံကုန်း)



ကောလင်းမြို့နယ်တွင် မြေအောက်ရေသုံးစွဲမှုများလာ၍ စက်ရေတွင်းတူးလုပ်ကိုင်သူများပြားလာ

ကောလင်း ဖေဖော်ဝါရီ ၁၃

ကောလင်းမြို့တွင် မြို့ပေါ်ရပ်ကွက်များရှိ ရေတွင်း၊ ရေကန်များနှင့် ရေသွင်းမြောင်းများသည် နှစ်စဉ် ဖေဖော်ဝါရီလနှင့် မတ်လများ၌ ရေခန်းခြောက်လေ့ရှိသဖြင့် မြေအောက်ရေတူးဖော် သုံးစွဲလာသူများပြားလာကာ စက်ရေတွင်းအင့်ဂျာလုပ်ငန်းကိုလည်း အများအပြား လုပ်ကိုင်လာကြောင်း သိရသည်။

ကောလင်းမြို့ရှိ စက်ရေတွင်းတူးဖော်သည့်အဖွဲ့သည် ကောလင်းမြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ လုပ်ကိုင်ကြရာတွင် တူးခအဖြစ် နှစ်လက်မတွင်း တစ်ပေလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဝန်ဆောင်မှုယူ၍ စက်သုံးဆီ၊ ကျွေးမွေးစရိတ်၊ စက်ပစ္စည်း သယ်ယူစရိတ်ကို ရေတွင်းပိုင်ရှင်က အကုန်ကျခံရကြောင်း သိရသည်။

“စက်ရေတွင်း တူးမယ်ဆိုရင် တူးမယ့်နေရာရဲ့ ရေရရှိနိုင်တဲ့နေရာကို လုပ်ငန်းအတွေ့အကြုံအရ လေ့လာပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ပြီးတူးမှသာ အချိန်တိုအတွင်း ရေရရှိနိုင်တာပါ။

ကုန်ကျစရိတ် အနေနဲ့ တူးဖော်ရတဲ့ပေပေါ်မူတည်ပြီး ပေ ၄၀၀ လောက် ဆိုရင် ကျပ် ၁၅ သိန်းလောက် ကုန်ကျပါတယ်”ဟု ကျော်ဇေယျာ ရပ်ကွက်မှ စက်ရေတွင်းတူးဖော်သည့် လုပ်ငန်းပိုင်ရှင် ကိုမြအောင်က ပြော သည်။

အဆိုပါ စက်ရေတွင်းများ တူးဖော်ရာ၌ မြေအောက်၌ ကျောက်ဖြာရှိပါက သတ်မှတ်ရက်ထက် ပို၍ကြာသည်။

သဲကြောများ၌ မြေပြိုကျမှုရှိပါက နွားချေးနှင့် မြေစေးအဝါကို ရေဖြင့်ဖျော်၍ ထည့်ပေးရသည်။ အဆိုပါ ရေတွင်းတူးသည့်အဖွဲ့သည် တစ်ဖွဲ့လျှင် လေးဦးဖြင့် လုပ်ကိုင်ကြကြောင်း သိရသည်။

စိုင်းလူမင်း(ဒီဒီယာဂရု)

သစ်ပင်စိုက်ပါ ဇိုကမ္ဘာ
သာယာလှပ စိမ်းမြမြ

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ကြေးမုံ

ပြည်တွင်းရေးရာ

အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အဖွဲ့ ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့၌ ကျင်းပမည့် အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးတင့်ဆန်း၊ ဦးအေးမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဒေါက်တာကံဇော်၊ ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများနှင့်အတူ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် စင်ကာပူနိုင်ငံသို့ရောက်ရှိရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

❑ **ရွှေဖုံးမှ**

ကုက္ကိုဝမြစ် ရေပေးဝေရေးစီမံကိန်းအား တွေ့မြင်ရစဉ်။

စီမံကိန်းနှင့် ပန်းလှိုင်မြစ်ရေပေးဝေရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း

ယင်းစီမံကိန်းကို ၂၀၁၃ ခုနှစ် မေ ၄ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအထက်ပိုင်း ရှစ်မိုင်ခန့်အကွာရှိ လဂွန်းပြင်ရေလှောင်တမံမှ တစ်နေ့လျှင် ရေဂါလန် သန်း ၄၀ ထုတ်ယူသုံးစွဲ၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သုံးခွကျေးရွာအနီးတည်ရှိသည့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းရေသန့်စင်စက်ရုံမှ ရေပေးဝေမည်ဖြစ်သည်။ စီမံကိန်းဧရိယာမှာ ရေသန့်စင်စက်ရုံ တည်ဆောက်ရန် ၅၀ ဒသမ ၃၇ ဧကနှင့် ရေယူအဆောက်အအုံတည်ဆောက်ရန် ၇ ဒသမ ၂၅ ဧက စုစုပေါင်း ၅၇ ဒသမ ၆၂ဧက ရှိသည်။

စီမံကိန်းပြီးစီးပါက ရန်ကုန်အရှေ့ပိုင်းခရိုင် လေးမြို့နယ်ဖြစ်သည့် ဇုန်နယ်မြေ (၇) တွင်ပါဝင်သော ဒဂုံမြို့နယ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဇုန်နယ်မြေ(၈)တွင် ပါဝင်သော ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် သံလျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်များသို့ အဓိကရေပေးဝေပြီး ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များဖြစ်သော သာကေတနှင့် ဒေါပုံမြို့နယ်များသို့ ရေအားဖြည့်ပေးဝေသွားမည်ဖြစ်သည်။

ကုက္ကိုဝမြစ် ရေပေးဝေရေးစီမံကိန်း

လှိုင်မြစ်တစ်ဖက်ကမ်းရှိ လှိုင်သာယာမြို့နယ်သည် စက်မှုဇုန်များအပါအဝင် ခန့်မှန်းရေလိုအပ်ချက်မှာ တစ်နေ့လျှင် ဂါလန် ၁၀ သန်းခန့်ရှိပြီး လက်ရှိအချိန်တွင် ရေဂါလန် ၁ ဒသမ ၃ သန်းခန့်သာ(ရေလိုအပ်ချက်၏ ၁၃ ရာခိုင်နှုန်း) ပေးဝေနိုင်ခဲ့သည်။ အနာဂတ်အတွက် သောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် JICA နှင့် ပူးပေါင်းရှာဖွေခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အတွင်းရှိ ကုက္ကိုဝမြစ်ရေမှ ရေဂါလန် သန်း ၁၀၀၀၀ ကို နေ့စဉ် ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေကို လေ့လာတွေ့ရှိခဲ့သည်။ ထို့ကြောင့် ကုက္ကိုဝမြစ်မှ ပထမအဆင့် ရေဂါလန် သန်း ၆၀၊ ဒုတိယအဆင့် ရေဂါလန် သန်း ၆၀၊ တတိယအဆင့် ရေဂါလန် သန်း ၁၂၀ စုစုပေါင်း ရေဂါလန် သန်း ၂၄၀ ထုတ်ယူနိုင်ရန်အတွက် စီမံကိန်းများရေးဆွဲခဲ့သည်။

ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်းသည် ရန်ကုန်မြို့အနောက်ဘက် ၁၈ မိုင်ကွာဝေးပြီး ရန်ကုန်-ပုသိမ်လမ်းမကြီး၏ မိုင်တိုင် ၁၆ မိုင် ၄ ဖာလုံရှိ ထန်းတပင်မြို့နယ် အညာစုရွာအနီးတည်ရှိသည်။ ကုက္ကိုဝမြစ်မှ ပထမအဆင့်အနေဖြင့် လှိုင်မြစ်အနောက်ဘက်ရှိ မြို့နယ်များသို့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရန် တစ်နေ့လျှင် ရေဂါလန် သန်း ၂၀ ထွက်ရှိမည့် ရေသန့်စင်စက်ရုံကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါ စီမံကိန်း ပထမအဆင့်ပြီးစီးလျှင် ဇုန်နယ်မြေ(၁)နှင့် ဇုန်နယ်မြေ(၉)တို့ရှိ မြို့နယ်များကိုလည်းကောင်း၊ ဒုတိယအဆင့်ပြီးစီးလျှင် ဇုန်နယ်မြေ(၂)နှင့် ဇုန်နယ်မြေ(၃)တို့ရှိ မြို့နယ်များကို လည်းကောင်း အဆင့်ဆင့်ရေပေးဝေမည်ဖြစ်သည်။

တိုးမြစ်ရေပေးဝေရေးစီမံကိန်း

ရန်ကုန်မြို့၏ တောင်ဘက် ၂၈ မိုင် အကွာရှိ တိုးမြစ်အား ရေအရင်းအမြစ်အဖြစ် အသုံးပြုနိုင်ရန်အတွက် JICA ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ကိုရီးယားနိုင်ငံ K-Water Co.,Ltd. ၏ အစီအစဉ်ဖြင့်လည်းကောင်း လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့သည်။ ဤသို့ လေ့လာမှုများပြုလုပ်ရာတွင် ရေအရည်အသွေး သာမက ထုတ်ယူသုံးစွဲနိုင်မည့် ရေပမာဏ တို့ကို လေ့လာခဲ့ပြီး ရေအရည်အသွေးအနေဖြင့် ရေင်ခဝင်ရောက်မှုကို လက်ခံနိုင်သည့် ပမာဏ ရှိမည့် နေရာကိုရွေးချယ်ခဲ့ကာ အခြားအရည်အသွေးများကို တိုင်းတာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ရေပမာဏအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အကူအညီဖြင့် မြစ်ရေချိန်၊ မြစ်၏ ကန့်လန့်ဖြတ်ဧရိယာ၊ မြစ်ရေစီးမှုနှုန်းတို့ကို တိုင်းတာခဲ့ပြီး အနည်းဆုံးထုတ်ယူနိုင်မည့် မြစ်ရေပမာဏကို တွက်ချက်ခဲ့ရာ တိုးမြစ်မှ ရေဂါလန် သန်း ၂၀၀၀၀ ကို နေ့စဉ်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သဖြင့် တိုးမြစ်ရေပေးဝေရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

တိုးမြစ်မှ ပထမအဆင့်ရေဂါလန် သန်း ၃၀၊ ဒုတိယအဆင့်ရေဂါလန် သန်း ၃၀ နှင့် တတိယအဆင့် ရေဂါလန် သန်း ၁၂၀ စုစုပေါင်း ရေဂါလန် သန်း ၁၈၀ ထုတ်ယူမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းပြီးစီးပါက ပထမအဆင့်အနေဖြင့် ဇုန်နယ်မြေ(၁၀)ရှိ မြို့နယ်များကို လည်းကောင်း၊ ဒုတိယအဆင့်နှင့် တတိယအဆင့်အနေဖြင့် ကုက္ကိုင်းရေလှောင်ကန်နှင့် မဟာဝိဇယရေလှောင်ကန်များမှတစ်ဆင့် ဇုန်နယ်မြေ (၁)၊ ဇုန်နယ်မြေ(၂)နှင့် ဇုန်နယ်မြေ(၃)တို့ရှိ မြို့နယ်များကိုလည်းကောင်း ရေဖြန့်ဝေပေးမည်ဖြစ်သည်။

ပန်းလှိုင်မြစ်ရေပေးဝေရေးစီမံကိန်း

ပန်းလှိုင်မြစ်သည် ရောဝတီတိုင်းဒေသကြီးမှ ကုက္ကိုဝမြစ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ လှိုင်မြစ်တို့နှင့် ဆက်စပ်လျက်ရှိရာ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး ရေင်ခဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ရေထိန်းတံခါးများ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပန်းလှိုင်မြစ်မှ ရေအရင်းအမြစ်ကို ရန်ကုန်မြို့တော် ရေပေးဝေရေးအတွက် အသုံးပြုနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လေ့လာ၍ စီမံချက်ရေးဆွဲခဲ့သည်။ လေ့လာချက်အရ ပန်းလှိုင်မြစ်မှ နေ့စဉ် ရေဂါလန် သန်း ၅၀မှ သန်း ၁၀၀ အတွင်း ထုတ်ယူသုံးစွဲနိုင်သည့်အတွက် တွံတေးလမ်းမကြီးမှ ခြောက်မိုင်ခန့်အကွာ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ရှိ လက်ပံရွာနှင့် ကရင်ချောင်းရွာအနီးတွင် ပန်းလှိုင်မြစ်ရေပေးဝေရေးစီမံကိန်းကို ဆောင်ရွက်ရန် လျာထားခဲ့သည်။ ယင်းစီမံကိန်းပြီးစီးပါက ဇုန်နယ်မြေ (၁၀)ရှိ ဒလ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းကျေးရွာများအား ရေပေးဝေသွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့်အခါ ခေတ်မီရေဖြန့်ဖြူးရေးကွန်ရက် တည်ဆောက်ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအား ဇုန်နယ်မြေ ၁၀ နေရာခွဲခြားသတ်မှတ်ကာ ရေပေးဝေမည်ဖြစ်သည်။ ဇုန်နယ်မြေ (၁)တွင် ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ မင်္ဂလာတောင်ညွှန့်၊ တာမွေ၊ လမ်းမတော်၊ လသာ၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ဗဟန်း၊ စမ်းချောင်းနှင့် ဆိပ်ကမ်းမြို့နယ်များ။ ဇုန်နယ်မြေ(၂)တွင် ရန်ကင်း၊ သယ်နိုးကျွန်း၊ သာကေတ၊ ဒေါပုံနှင့် တာမွေမြို့နယ်များ၊ ဇုန်နယ်မြေ(၃)တွင် ရန်ကင်း၊ ကမာရွတ်၊ မရမ်းကုန်း၊ လှိုင်၊ အင်းစိန်နှင့် တောင်ဥက္ကလာပ မြို့နယ်များ၊ ဇုန်နယ်မြေ(၄)တွင် မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ အင်းစိန်နှင့်မင်္ဂလာဒုံ မြို့နယ်များ၊ ဇုန်နယ်မြေ(၅)တွင် မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်နှင့် မြောက်ဥက္ကလာပ မြို့နယ်များ၊ ဇုန်နယ်မြေ(၆)တွင် မင်္ဂလာဒုံ မြို့နယ်၊ ဇုန်နယ်မြေ(၇)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များ၊ ဇုန်နယ်မြေ(၈)တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များ၊ ဇုန်နယ်မြေ(၉)တွင် လှိုင်သာယာ မြို့နယ်နှင့် ဇုန်နယ်မြေ(၁၀)တွင် ဒလ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကြည့်မြင်တိုင် တစ်ဖက် ကမ်းကျေးရွာများဟူ၍ ခွဲခြားသတ်မှတ်ပြီး အနာဂတ် ရန်ကုန်မြို့၏ ခေတ်မီရေဖြန့်ဖြူးရေးကွန်ရက်ကြီးဖြင့် ဇုန်နယ်မြေများ အလိုက် ရေပေးဝေတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ဥတုရာသီ
တောကိုမိုမှ

ပြုယမ်းက ဒျုုလက်နက်များ နိုင်ငံအများအပြားသို့တင်ပို့ရောင်းချလျက်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနကဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်နှင့်ဆက်စပ်ပစ္စည်းများကို အရှေ့အလယ်ပိုင်းအပါအဝင် အာဖရိကနှင့် အာရှနိုင်ငံများသို့ တင်ပို့လျက်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အခိုင်အမာပြောကြားခဲ့သည်။

ထိုသို့ နျူကလီးယားလက်နက် ထုတ်လုပ်ရေးနည်းပညာများ ဖြန့်ဝေမှုနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရက လွန်စွာစိုးရိမ်ပူပန်လျက်ရှိသည့်အတွက် ပင်တဂွန် အရာရှိများက ကွန်ဂရက်လွှတ်တော်သို့ ပြုယမ်း၏စစ်ရေးနှင့်ဒေသတွင်းလုံခြုံရေးတိုးမြှင့်လာမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်ပြီး အစီရင်ခံစာတစ်စောင်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် တင်သွင်းခဲ့ကြောင်း သိရသည်။

ပြုယမ်းအနေဖြင့် ကိုရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံများသို့ ပစ်မှတ်ထားသည့် တာတိုနှင့်တာလတ်ပစ် ဒုံးလက်နက်ရာပေါင်းများစွာ ပိုင်ဆိုင်ထားပြီးဖြစ်သည်ဟု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအား ပစ်မှတ်ထားခြိမ်းခြောက်နိုင်သည့် တာဝေးပစ်ဒုံးလက်နက်ကိုလည်း ကြိုးပမ်းတီထွင်လျက်ရှိသည်ဟု အစီရင်ခံစာအရသိရသည်။

မြောက်ကိုရီးယားအနေဖြင့် ယင်းသို့နျူကလီးယားလက်နက်နှင့် ဆက်စပ်ပစ္စည်းများကို တင်ပို့နေခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ရာရောက်သည်ဟု ယင်းအစီရင်ခံစာက ထောက်ပြထားသည်။

ပြုယမ်းအနေဖြင့် ထိုသို့လက်နက်များရောင်းချခြင်းသည် နိုင်ငံခြားငွေရရှိမှုအတွက် အဓိကပင်မအရင်းအမြစ်တစ်ခုဖြစ်သည်။

ပြုယမ်းအဓိကလက်နက်များရောင်းချတင်ပို့သော နိုင်ငံများမှာ အီရန်၊ ဆီးရီးယား၊ အီဂျစ်၊ အီရတ်၊ ပါကစ္စတန်နှင့် ယီမင်နိုင်ငံတို့ဖြစ်သည်။

မြောက်ကိုရီးယားက ဆီးရီးယားနိုင်ငံအား နျူကလီးယားဓာတ်ပေါင်းဖိုနည်းပညာများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် နောက်ထပ်နျူကလီးယားနည်းပညာများ ထပ်မံပြန့်ပွားသွားမည်ကို အမေရိကန်အစိုးရအနေဖြင့် စိုးရိမ်နေကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ **အင်နန်အိတ်ချ်ကေ။**

မက္ကဆီကိုအကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားများခိုက်ရန်ဖြစ်ပွား ၄၉ ဦးသေဆုံး

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၃

မက္ကဆီကိုနိုင်ငံ နူဗိုလီရွန်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ရာ အကျဉ်းသား ၄၉ ဦးသေဆုံးခဲ့ပြီး ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်များက ဆိုသည်။

အကျဉ်းထောင်အတွင်း အကျဉ်းသားဦးရေ အလွန်အမင်းများပြားခြင်းသည် ခိုက်ရန်ဖြစ်ပွားမှု၏ အစပထမဖြစ်သည်ဟု အချို့ကယူဆကြသည်။

မက္ကဆီကိုအစိုးရ၏ မူးယစ်ဆေးဝါးဂိုဏ်းများအား ဖြိုခွင်းတိုက်ဖျက်ရန်ကြိုးပမ်းမှုသည် အကျဉ်းသားဦးရေကို ပိုမိုတိုးပွားလာစေသည်ဟု ဆန်းစစ်လေ့လာသူများက ဆိုသည်။

ယခု အကျဉ်းထောင်အတွင်း မငြိမ်သက်မှုဖြစ်ပွားခြင်း၏ အကြောင်းရင်းခံသည် အကျဉ်းသားများထောင်အတွင်း နေရာနှစ်နေရာ၌ ခိုက်ရန်ဖြစ်ပွားမှုများ စတင်ခဲ့ပြီးနောက် အကျဉ်းသားများက ထောင်အတွင်းမီးများ လိုက်လံရှို့ခဲ့ကြသည်။

ယင်းအဖြစ်အပျက်များ ပြီးနောက် နာရီအနည်းငယ်အကြာတွင် အကျဉ်းထောင်ဝန်ထမ်းများက တပ်ဖြန့်ပြီး အကျဉ်းသားများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါ အကျဉ်းထောင်တွင် ပြိုင်ဘက်မူးယစ်ဂိုဏ်းနှစ်ခုမှ အဖွဲ့ဝင်အများအပြား ထိန်းချုပ်ခံထားရသည်။ ယင်းဂိုဏ်းနှစ်ခု၏ ရန်ငြိုးရန်စများကြောင့် ခိုက်ရန်ဖြစ်ပွားမှုများ စတင်ခဲ့ကြောင်း ရဲအရာရှိများက ထင်ကြေးပေးကြသည်။

၂၀၁၂ ခုနှစ်တွင် နူဗိုလီရွန်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားများ ခိုက်ရန်ဖြစ်ပွားမှုကြောင့် အကျဉ်းသား ၄၄ ဦးသေဆုံးခဲ့သည်။

အင်နန်အိတ်ချ်ကေ။

ကုန်သွယ်ရေးနှင့်စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေးရန် ထိုင်းဒုတိယဝန်ကြီးချုပ်များ ရုရှားနိုင်ငံသို့ သွားရောက်မည်

ဘန်ကောက် ဖေဖော်ဝါရီ ၁၃

ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးချုပ်များသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် ယခုလနှောင်းပိုင်းတွင် ရုရှားနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး ပရာဝတ် ဝမ်ဆုဝမ်နှင့် ဒုတိယဝန်ကြီးချုပ်ဆုမ်ကစ်ဒ်ဂျာတူဆီပီတက်ခ်တို့သည် ရုရှားနိုင်ငံမြို့တော်မော်စကိုသို့ သွားရောက်ကာ ရုရှားအစိုးရအထက်တန်းတာဝန်ရှိသူများနှင့်တွေ့ဆုံမည်ဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ထိုင်းဒုတိယဝန်ကြီးချုပ်ပရာဝတ်သည် ထိုင်းနှင့် ရုရှားနိုင်ငံအကြား လုံခြုံရေးနှင့်စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ဆက်စပ်သည်များကို ရုရှားတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဒုတိယဝန်ကြီးချုပ်ဆုမ်ကစ်ဒ်သည် ထိုင်းနှင့်ရုရှားနှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများကို ဆွေးနွေးမည်ဖြစ်သည်။ ၎င်းစီးပွားရေးဆိုင်ရာကဏ္ဍများ၌ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့်စွမ်းအင်ဆိုင်ရာနှင့် အခြားကိစ္စရပ်များပါဝင်မည်ဟု ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

၎င်းတို့၏ခရီးစဉ်နှင့်ပက်သက်၍ ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက အသေးစိတ်ပြောကြားခြင်းမရှိသော်လည်း ယခုလနှောင်းပိုင်း မော်စကိုသို့ သွားရောက်မည့်ထိုင်းဒုတိယဝန်ကြီးချုပ်များ၏ခရီးစဉ်အတွင်း ရုရှားသမ္မတဗလာဒီမာပူတင် သို့မဟုတ် ရုရှားဝန်ကြီးချုပ် ဒီမီထရီမက် ဗီဒက်တို့နှင့်တွေ့ဆုံဖွယ်ရှိကြောင်း ပြောကြားသည်။

ဆင်ဟွာ။

လတ်တလောကာလတွင် အမေရိကန်နှင့်အိန္ဒိယရေတပ်ဖွဲ့များ ပူးတွဲကင်းလှည့်မည့် အစီအစဉ်မရှိဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

လတ်တလောကာလတွင် အမေရိကန်နှင့်အိန္ဒိယရေတပ်ဖွဲ့များ ပူးတွဲကင်းလှည့်မည့်အစီအစဉ်မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ဖော်ပြခဲ့သောသတင်းတစ်ရပ်တွင် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံရေတပ်ဖွဲ့များ ပူးတွဲကင်းလှည့်ရန်ဆွေးနွေးမှုများပြုလုပ်နေကြောင်း၊ ကင်းလှည့်မှုများပြုလုပ်မည့်ဒေသတွင် အငြင်းပွားမှုများရှိနေသည့် တောင်တရုတ်ပင်လယ်ဒေသလည်း ပါဝင်ဖွယ်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကောက်နုတ်ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့်အိန္ဒိယနိုင်ငံတို့သည် အာရှတိုက်၌ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ကြွယ်ဝချမ်းသာရေးတို့အတွက် တူညီသောအမြင်ရှိကြကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပသောနေ့စဉ်သတင်းထုတ်ပြန်ပွဲ၌ ပြောကြားသည်။

လက်ရှိကာလတွင် အမေရိကန်နှင့်အိန္ဒိယနိုင်ငံတို့ မည်သည့်ရေတပ်မျှပူးတွဲကင်းလှည့်ခြင်းအစီအစဉ်မရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။မကြာသေးမီနှစ်များအတွင်းက အမေရိကန်ပြည်ထောင်စုနှင့်အိန္ဒိယနိုင်ငံတို့သည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်လာခဲ့ကြပြီး အိန္ဒိယသမုဒ္ဒရာတွင်း၌ ရေတပ်စစ်ရေးပူးပေါင်းလေ့ကျင့်မှုကိုပြုလုပ်ခဲ့သည်။အမေရိကန်နှင့်အိန္ဒိယရေတပ်များစစ်ရေးလေ့ကျင့်ရာတွင် ဂျပန်ရေတပ်သင်္ဘောများလည်း ပါဝင်လေ့ကျင့်ခဲ့ကြသော်လည်း အိန္ဒိယရေတပ်သင်္ဘောများသည် မည်သည့်နိုင်ငံမျှ ရေတပ်ဖွဲ့သင်္ဘောများနှင့် ပူးတွဲကင်းလှည့်ခြင်းများကို လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

မြန်မာ့စီးပွားရေးဘဏ်(ကမာရွတ်ဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာ့စီးပွားရေးဘဏ် (ကမာရွတ်ဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက အင်းစိန်လမ်း ဘာတာကားမှတ်တိုင်အနီးရှိ ယင်းဘဏ်ခွဲတည်နေရာတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

"အရင်အဆောက်အအုံက တော်တော်လည်းဟောင်းနွမ်းနေပြီးတော့ ဝန်ထမ်းတွေ၊ ပင်စင်လာထုတ်ယူသူတွေအတွက် နေရာအကျပ်အတည်း အများကြီးဖြစ်ခဲ့ရပါတယ်။ အခုအဆောက်အအုံသစ်အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်လိုက်ခြင်းက လာရောက်တဲ့ ငွေအပ်နှံသူတွေ၊ ပင်စင်ငွေထုတ်ယူသူတွေအတွက် စိတ်ချမ်းသာမှု ဖြစ်ပေါ်စေတဲ့အပြင် မြန်ဆန်တဲ့ဘဏ်ဝန်ဆောင်မှုစနစ်တွေကြောင့် အများကြီး အကျိုးပြုစေမှာပါ" ဟု မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်ရှင်ထွေးဘုဏ်ဝင်းကပြောသည်။

အဆိုပါဘဏ်ခွဲကို ယခင်က ကမာရွတ်စံရိပ်ငြိမ်တွင် ဖွင့်လှစ်ခဲ့သည်။ ၁၉၈၉ ခုနှစ် ဇွန် ၁ ရက်တွင် အိုးအိမ်ဦးစီးဌာနထံမှ တစ်လလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ငှားရမ်းကာ ယခင်လိုင်ပါတီရုံးဖြစ်ခဲ့သော ဤနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ အဆောက်အအုံဟောင်းသည် ဧရိယာအကျယ်အဝန်း သုည ဒသမ ၇၃၆ ဧကခန့် ကျယ်ဝန်းပြီး အုတ်ညှပ်နှစ်ထပ်အဆောက်အအုံဖြစ်သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အိုးအိမ်ဦးစီးဌာနမှ မြန်မာ့စီးပွားရေးဘဏ်အပိုင်ဖြင့် တရားဝင်လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် ယခုအဆောက်အအုံသစ်ကို ၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက်မှစတင်ကာ ကျပ်သန်း ၅၀၀ ဖြင့် ခုနှစ်လကြာ ဆောက်လုပ်ခဲ့သည်။ အဆောက်အအုံသစ်၏ အကျယ်အဝန်းမှာ ပေ ၁၁၀ နှင့် ၄၅ ဒသမ ၆ ပေရှိပြီး သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံဖြစ်သည်။

ကမာရွတ်ဘဏ်ခွဲသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများ၊ စာရင်းရှင်စာရင်းများနှင့် အတိုးပေးရသည့်အပ်ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ လုပ်ငန်းရှင်များအတွက် ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းများအပြင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၁၃၀၀၀ ကျော်အတွက် ပင်စင်လစာများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

သတင်း-ခင်ဇာလီ၊
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ဘားအံ ဖေဖော်ဝါရီ ၁၃

နေပြည်တော်တွင် သုံးရက်ကြာ ကျင်းပခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၉ ရက်နံနက် ၉ နာရီက ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မိစန်းခင် တက်ရောက်အမှာစကားပြောကြားသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် အဖွဲ့၏ လုပ်ငန်းများ လူပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ မြို့နယ်၊ မြို့အမျိုးသမီးရေးရာအဖွဲ့များသို့ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ စီကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မိစန်းခင်၊ ပြည်နယ် အမျိုသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်နန်းအေးကြည်၊ အတွင်းရေးမှူး ဒေါ်နန်းခင်လှိုင်တို့က ပေးအပ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က အမျိုးသမီးရေးရာဝတ်စုံများ ပေးအပ်ရာ မြို့နယ်၊ မြို့အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး မြို့နယ်များမှ လုပ်ငန်းဆောင်ရွက်ချက်များတင်ပြကြကာ အတွင်းရေးမှူး ဒေါ်နန်းခင်လှိုင်က ပြီးခဲ့သည့်နှစ် တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များမှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်နေသော အဖွဲ့ဝင်များ၏ အတွေ့အကြုံများကို အခြေခံ၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဗိုလ်ချုပ်အောင်ဆန်း(၁၀၁)နှစ်ပြည့်အထိမ်းအမှတ်နှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲ တောင်ငူမြို့၌ကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၁၃

အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း(၁၀၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် မြန်မာနိုင်ငံတွင်အမြင့်ဆုံး(၁၅)ပေရှိ ဗိုလ်ချုပ်ကြေးသွန်းရုပ်တုဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက တောင်ငူမြို့ရှိ ဗိုလ်ချုပ်ရင်ပြင်၌ကျင်းပရာ ပွဲတော်မာမာဝေ(ပါမောက္ခ-ငြိမ်း)နှင့် ပဲခူးတိုင်းကုန်သည်/စက်မှုအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် ဆီလီကွန်ပန်းပုပညာရှင် ဦးအောင်ကျော်ထွန်းတို့က ဗိုလ်ချုပ်ရုပ်တုကို မဂ်လာကြိုးဆွဲဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအက၊ တိုင်းရင်းသားရိုးရာအကများ ပါဝင်ဖျော်ဖြေကြပြီး ညနေနှင့်ညပိုင်းတွင်ဆုချီးမြှင့်ခြင်းအခမ်းအနား၊ တောင်ကွေ့ဈေး အ. မ. က ကျောင်းသားကျောင်းသူများ၏ တေးသရုပ်ဖော်အကများ၊ ဦးရီတွက်၏ သရုပ်ပြတင်ဆက်ခြင်း၊ တယောဦးတင်ရီ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မင်းညီနှင့် ရွှေပြည်တော်ဝင် အငြိမ့်အဖွဲ့မှ ဖျော်ဖြေတင်ဆက်ခြင်းများနှင့် တေးဂီတအဖွဲ့များက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

(၁၂၉)

(၈)ကြိမ်မြောက် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံတွင် ထူးချွန်ထက်မြက်သော လူငယ်ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးကြပ်ကာ Utopain Union Cap Company Ltd. ၏ အဓိကကူညီပံ့ပိုးမှုဖြင့် Junior Golf Myanmar က ကြီးမှူးကျင်းပသော (၈)ကြိမ်မြောက် Junior Golf Myanmar ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် Royal Mingalardon Golf &Country Club တွင် ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၏ မိသားစုဝင်များ တတ်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းနားကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Utopain Union Cap Company Ltd.မှ တာဝန်ရှိသူများ၊ Junior Golf Myanmar မှ တာဝန်ရှိသူများတက်ရောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် (၂၄)နှစ်အောက်၊ (၁၅)နှစ်အောက်၊ (၁၂)နှစ်အောက်နှင့် (၁၀)နှစ်အောက် သက်တမ်းများပါဝင်ပြီး ပြိုင်ပွဲဝင်လူငယ်ဂေါက်သီးအားကစားသမား စုစုပေါင်း ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး ၁၂ ရက်နှင့် ၁၃ ရက် တို့တွင် ကျင်းပရာ (၁၀)နှစ်အောက်သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက်ချက်(၁၉၄)ချက်ဖြင့် လင်းသန့်အောင်ကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်းရိုက်ချက်(၂၀၂)ချက်ဖြင့် လင်းဖြိုးသူကလည်းကောင်း၊ တတိယဆုကို စုစုပေါင်းရိုက်ချက် (၂၁၄) ချက်ဖြင့် ထွန်းမြတ်သူတို့ကလည်းကောင်း ရရှိသည်။ (၁၂) နှစ်အောက် သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက် ချက်(၁၆၇)ချက်ဖြင့် ကောင်းမြတ်ကျော်ကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်းရိုက်ချက်(၁၈၁)ချက်ဖြင့် မင်းသံလွင်အောင်ကလည်းကောင်း၊ တတိယဆုကို စုစုပေါင်းရိုက်ချက်(၁၈၆) ချက်ဖြင့် ဝင်းထွန်းဘိုတို့ကလည်းကောင်း ရရှိခဲ့သည်။ (၁၅)နှစ်အောက်သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက်ချက်(၁၇၁)ချက်ဖြင့် ရဲထက်လှိုင်ကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်းရိုက်ချက် (၁၇၄)ချက်ဖြင့် VitoManalili ကလည်းကောင်း၊ တတိယဆုကို စုစုပေါင်းရိုက်ချက်(၁၇၆)ချက်ဖြင့် ဖြိုးဇံတို့မှ ဆွတ်ခူးရရှိသည်။

အသက်(၂၄)နှစ်အောက် သက်တမ်းတွင် ပထမဆုအား စုစုပေါင်းရိုက်ချက်(၁၄၂)ချက်ဖြင့် သီဟဌေးကလည်းကောင်း၊ ဒုတိယဆုအား စုစုပေါင်းရိုက်ချက်(၁၅၃)ချက်ဖြင့် ကျော်ဇင်ထွန်းကလည်းကောင်း၊ တတိယဆုအား စုစုပေါင်းရိုက်ချက် (၁၆၃) ချက်ဖြင့် သော်ထက်အောင်တို့ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိသွားကြောင်း သိရသည်။

(ဖိုးသော်ဇင်)

ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာနှင့် အင်တာနက် နည်းပညာအသုံးချမှုသင်တန်းဖွင့်

သရက် ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာနှင့် အင်တာနက် နည်းပညာ အသုံးချမှုသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ကွန်ပျူတာသင်တန်းဆရာ ဦးစိုးမင်းမောင်က မိမိအနေဖြင့် သင်တန်းတွင် ဘာသာရပ်ငါးမျိုးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်၍ သင်တန်းသား သင်တန်းသူများအနေဖြင့် ဂရုတစိုက်မှတ်သားလေ့ကျင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြန်/ဆက်)

■ ■

တောင်ပေါ်ရွာလေး ယစကျီ

ကြင်လှိုင်မြင့်

စာရေးသူ အင်္ဂလိပ်ဘာသာ ဧည့်လမ်းညွှန်အဖြစ် ၁၇နှစ်ကြာ လုပ်ကိုင်ခဲ့ဖူးသည်။ ထို ၁၇ နှစ်ကျော် ကာလအတွင်းတွင် မြန်မာပြည်အနှံ့ နေရာဒေသ တော်တော်များများသို့ ရောက်ခဲ့ဖူးသည်။ အပူပိုင်း၊ အအေးပိုင်း၊ တောင်ပေါ်၊ မြေပြန့်၊ ကမ်းခြေ ဒေသစုံသည်။ အခေါက်ခေါက်အခါခါ ရောက်ခဲ့သည်။ ရောက်ခဲ့ဖူးသည့် နေရာဒေသတိုင်းသည် သူ့အလှနှင့်သူ၊ သူ့သဘာဝနှင့်သူ ဆွဲဆောင်မှုရှိစွာ၊ အေးချမ်းစွာ လှပနေကြသည်။ ဧည့်လမ်းညွှန်အလုပ်ကို စွန့်လွှတ်ခဲ့သည်မှာ ယခုဆိုလျှင် ရှစ်နှစ်တာကာလပင် ကြာညောင်းခဲ့ပြီဖြစ်သည်။ မိမိသွားခဲ့ဖူး၊ ရောက်ခဲ့ဖူးသော နေရာဒေသများကို တစ်ခါတစ်ရံ ပြန်တွေးမြင်ယောင်ခံစား သတိရမိသည်။ ကြည်နူးမိသည်။

ရောက်ခဲ့ဖူးသည့် နေရာဒေသများထဲမှ တစ်ခုအကြောင်းကို ခံစားပြန်ပြောပြပါဆိုလျှင် ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ 'တောင်ပေါ်ရွာလေး ယစကျီ'အကြောင်းကိုသာ ပြောပြချင်ပါသည်။

ထို'တောင်ပေါ်ရွာလေး ယစကျီ'သို့ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံခြားသားနှစ်ဦးအား ဧည့်လမ်းညွှန်အဖြစ် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ဒေသခံဧည့်လမ်းညွှန်၏ အကူအညီကိုလည်း မဖြစ်မနေယူခဲ့ရပါသေးသည်။ ၎င်းဒေသခံ ဧည့်လမ်းညွှန်နှင့်အတူ အချက်အပြုတ်တာဝန်ယူရန် အခြားသောဒေသခံနှစ်ဦးလည်း အတူလိုက်ပါခဲ့ကြသည်။ သူတို့၏ ကျောပိုးအိတ်များထဲတွင် အသင့်တုံးတစ်ပြင်ဆင်ထားသော အသား၊ ဆန်၊ ဆီ၊ ဓာတ်ဘူး၊ ထမင်း၊ ဟင်းချက်ရန်အိုးများ၊ ရေ၊ ပန်းကန်၊ ကော်ဖီခွက်၊ ထင်းခွဲသား၊ မီးခြစ် အစုံပါသည်။ နိုင်ငံခြားသား ဧည့်သည်နှစ်ယောက်နှင့် စာရေးသူတို့ကို ချက်ပြုတ်ကျွေးမွေးရန်အတွက်ဖြစ်သည်။ တာဝန်ကျေသဘောကောင်းသည့် ဒေသခံများဖြစ်ကြသည်။

မနက် ၇နာရီတွင် ပင်းတယမြို့မှ ခရီးစထွက်ကြသည်။ စထွက်စဉ်တွင် စိတ်ကမပါ့တပါ။ တောင်တက်ခရီး ပင်ပန်းသည်ကို သိနေသည်။ တက်ရမည့်ခရီးကလည်း ပင်လယ်ရေမျက်နှာပြင်အထက် ၄၀၈၂ ပေတွင်ရှိသော ရွာငံမြို့နယ်မှတစ်ဆင့် ဆက်သွားဆက်တက်ရသော 'တောင်ပေါ်ရွာလေး ယစကျီ' ဖြစ်သည်။

ဖေဖော်ဝါရီလသည် ဆောင်းကာလဖြစ်သည့်အတွက် သွားရာလမ်းခရီးတစ်လျှောက်လုံးတွင် ဆောင်းနှင်းငွေ့များနှင့်အတူ အေးမြစိုစွတ်သော ရာသီဥတုကို ထိတွေ့ခံစားရသည်။ တောင်တက်ခရီးသည် မောပန်းနွမ်းလျနေရမည့်အစား လတ်ဆတ်သောလေ၊ အရောင်အသွေးစုံလင်စွာဖြင့် ရိုးသားစွာပွင့်ဖူးနေကြသော ပန်းတို့၏ ရနံ့၊ ရှုမဆုံးနိုင်သော ရေ မြေ တောတောင်သဘာဝ၊ သစ်တောသစ်ပင်၊ စိမ့်စမ်း၊ ရေတံခွန်၊ လျှိုမြောင်၊ ဌက်တွင်း စသည်တို့ကြောင့် လန်းဆန်းမှုကို ခံစားရသည်။

သူရိန်နေမင်းကြီး တဖြည်းဖြည်းနှင့် ခေါင်းပြူလာသည်။ စာရေးသူတို့နောက်သို့ အပြေးကလေးနှင့်အမီ လိုက်နှုတ်ဆက်နေသယောင်။ စင်ကြယ်လှပစွာ ဖြန့်ကြက်ဆန့်ကားထားသော လယ်ခင်း၊ ယာခင်းတို့သည်လည်း သူရိန်နေမင်းကြီး၏ နှုတ်ဆက်အနမ်းကို ခံယူရန် အိပ်စက်အနားယူနေရာမှ အလူးအလဲ ကုန်းရုန်းထနေကြသည်။ သူတို့၏ မဟာအခွင့်အရေးကြီးကို လက်လွှတ်မခံချင်ကြသည့်သဘောပင်ဖြစ်သည်။

ပင်စိမ်းသီးမှည့်များ ကြွေကျနေသည်မှာလည်း လမ်းဘေး ဝဲ၊ ယာတစ်လျှောက်လုံး ဖွေးဖွေးလှုပ်လှုပ်၊ ပြန့်ပြန့်ကျဲကျဲ ပြေးကောက်ချင်စရာကောင်းလှသည်။ ငယ်စဉ်ဘဝတုန်းက မိုးဦးကျ၊ လေဦးကျတွင် သရက်ပင်အောက် သရက်သီးမှည့်အကြွေ လုကောက်သည်ကိုပင် ပြန်သတိရမိသေးသည်။

၎င်းပင်စိမ်းသီးပင်များကြားမှ တိုးထွက်ပြီး တောင်စောင်းတွင် မတ်တပ်ရပ်ကာ တောင်ပေါ်စိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို မျက်စိတစ်ဆုံးကြည့်ရှုမိသည်။ ဤဒေသသည် သဘာဝမြေဆီမြေနှစ်ပေါ်ကြွယ်ဝသည်ကို သွယ်ဝိုက်၍ ညွှန်းဆိုပြနေကြသည်။ ဝေမှိုင်းဆိုင်းဝေ့နေသော မြူနှင်းများအလယ် ခပ်လှမ်းလှမ်းတစ်နေရာတွင်လည်း ကုံလုံဆရာတော် ဘုရားကြီး၏ ကျောင်းတော်ရာကိုလည်း ကြည်နူးစွာ ဖူးတွေ့ခဲ့ရပါသည်။

မတ်စောက်သောတောင်များ၊ မတ်ဆင်းသော လျှိုများကို အလီလီဖြတ်ကျော်တွယ်လှမ်းပြီး နှစ်နာရီလောက် အကြာတွင် ဒေသခံဧည့်လမ်းညွှန်တိုက်သော ကော်ဖီပူပူ လေးကိုသောက်ရသည်။ အမောပြေသည်။ နိုင်ငံခြားသားနှစ်ဦးလည်း ကျေနပ်မှုအပြုံး ကိုယ်စီထွေးပိုက်လျက်။

တဖြည်းဖြည်းနှင့် တောနက်လာသည်။ တောင်ထူလာသည်။ အအေးဓာတ်ပိုလာသည်။ 'တောင်ပေါ်ရွာလေး ယစကျီ'ကို မိုးမချုပ်မီ အမြန်ရောက်ချင်သည်။ ပင်ပန်းမှုတို့ အထွတ်အထိပ်သို့ရောက်ရှိလာကြပြီ။ တစ်ခါတစ်ရံတွင် မူးဝေမိုက်ခဲမှုများကိုပါ ခံစားလာရသည်။

လက်ဖက်စိုက်ခင်းများကို ဖြတ်ကျော်သည်။ အချို့နေရာများတွင် တောင်ယာလုပ်ကိုင်နေသော တိုင်းရင်းသားများနှင့် စကားရပ်ပြောမိသည်။ ဗမာစကားပြောတတ်သည်။ မပြောကြ။ ဓနုစကား၊ ပလောင်စကားများကိုသာပြောကြသည်။ သူတို့စကားကိုပြောရန် သင်ပေးသည်။ အချိန်ရလျှင် သင်ယူချင်ပါသေးသည်။ သူတို့၏ ဒေသခံဘာသာစကားပြောနေဟန်မှာ ချစ်စရာအလွန်ကောင်းသည်။ ကြည်လင်သော မျက်နှာ၊ ရိုးသားသော အမူအရာ၊ ဖော်ရွေသော အပြုံးနှင့် စွဲမက်စရာလေသံလေးတွေက တစ်သက်တာ မမေ့နိုင်စရာ။

အလုပ်လုပ်နေသူအများစုမှာ အမျိုးသမီးများဖြစ်ကြသည်။ တချို့သော အမျိုးသမီးများသည် ကလေးငယ်များကို စောင်နှင့်ပတ်လွယ်လျက် နောက်ကျောတွင် တင်ပိုးကာ ပေါက်တူးပေါက်နေကြ၏။ ပင်ပန်း၍ ညည်းညူရမည့် အစား သားချော့တေးလေးတအေးအေးနှင့် ကြည်နူးစရာ မိခင်မေတ္တာကို ခံစားမိသည်။ လေးစားမိသည်။

လမ်းတွင်ရွာငယ်လေးများကိုဖြတ်သည်။ ရသည့် အချိန်တိုလေးအတွင်းတွင် ရေနွေးကြမ်း၊ မုန့်ဆန်းမရွေး၊ လက်ဖက်သုတ်တို့နှင့် နွေးထွေးဖော်ရွေစွာ အလုအယက် ဧည့်ခံကြသည်။ ကျေးလက်နှင့်မြို့ပြ ကွာခြားချက်ကို ကိုယ်တွေ့ကြုံကြိုက် သိရှိခံစားလိုက်ရသည်။

တအိအိ၊ တရွေ့ရွေ့နှင့် လျှောက်လာကြရင်း ည ၇ နာရီလောက်တွင် 'တောင်ပေါ်ရွာလေး ယစကျီ'ကို အောင်မြင်စွာရောက်ရှိခဲ့သည်။ တောင်ထိပ်ပေါ်တွင် တည်ရှိသဖြင့် အလင်းရောင်ကို ကောင်းစွာရရှိနေဆဲဖြစ်သည်။ ရောက်ရောက်ချင်း မြင်တွေ့လိုက်ရသည့် မြင်ကွင်းက ကြည်နူးစရာအတိ။ ရွာဦးထိပ် ကုန်းကမူလေးပေါ်တွင် မမြင့်လွန်း မနိမ့်လွန်းသော ဥာဏ်တော်အမြင့်ရှိ စေတီတော်တစ်ဆူမှာ အဖြူရောင်စေတီငယ်အချို့ ဝန်းရံလျက် မြစိမ်းရောင်ဝါးရုံတောကို နောက်ခံပြုကာ ရွှေရောင် တဝင်းဝင်းနှင့် ကြော့ရှင်းသပ္ပာယ်စွာ တည်နေဟန်မှာ သက်ဝင်ပန်းချီကားတစ်ချပ်ပမာ တင့်တယ်နေသည်။ ကြည်ညိုစရာအတိဖြစ်သည်။ ဒေသခံ ဓနု၊ ရှမ်း၊ ပအို့ဝ်း၊ ပလောင်၊ တောင်ရိုး၊ ဗမာတိုင်းရင်းသားများ၏ ဗုဒ္ဓဘာသာ အပေါ် ယုံကြည်သက်ဝင်မှု၊ သဒ္ဓါတရားထက်သန်မှုတို့ကို ရည်ညွှန်းဖော်ဆောင်နေသည်။ သက်သေထူနေသည်။

ဘုရားရင်ပြင်တော်ပေါ်တွင် ရိုရိုသေသေထိုင်ပြီး စေတီတော်နှင့် နောက်ခံစိမ်းလန်းနေသော ဝါးရုံတောတို့၏ ပန်ရ သပ္ပာယ်နေမှုတို့ကို မိနစ်တော်တော်ကြာကြာ ငေးမောခံစားနေမိသည်။ စာရေးသူ၏ မိခင်ကြီးကိုပင် ခေါ်ပြချင်စိတ်ပေါ်မိသေးသည်။ "မိခင်ကြီးနှင့်အတူ လာဖူးရပါစေ"ဟုလည်း ဆုတောင်းခဲ့ပါသေးသည်။ ထိုတောင်းမိသည့်ဆုလည်း ပြည့်ချင်ပါသေးသည်။

ဧည့်သည်နှစ်ဦးနှင့်အတူ တည်းခိုအနားယူရမည့် ဘုန်းတော်ကြီးကျောင်းဘက်သို့ အလှည့်တွင် မြင်တွေ့လိုက်ရသော မြင်ကွင်းကလည်း မြူဆွယ်ညှို့ယူ လက်ယပ်ခေါ်နေပြန်ပါပြီ။ ဘုန်းတော်ကြီးကျောင်း၏ မြောက်ဘက်ကိုက်၅၀၀ ခန့်အကွာတွင် ပဲခွပ်ပုံသဏ္ဌာန် တိုးထွက်ထောင်တက်နေသော တောင်စွယ်ကြီးက သူ့ဆီကိုလာပါဦးဆိုပြီး အပြုံးလေးနှင့် ဖိတ်ခေါ်နေသည်။ ည ၈ နာရီနီးပါးဖြစ်နေ၍ အန္တရာယ်ရှိသည်။ ဒေသခံများက မသွားရန်တားကြသည်။ ဧည့်သည်များကလည်း ရောက်တုန်းရောက်ခိုက်လေးမို့ ထိုတောင်ထိပ်ပေါ်သို့ တက်ကြည့်ချင်ကြသည်ပြောသဖြင့် မနေသာတော့ဘဲ အတူလိုက်ပါတက်ခဲ့ရသည်။ တောင်ထိပ်ပေါ်ရောက်သောအခါမှ တက်မကြည့်ဖြစ်ခဲ့လျှင် နောင်တကြီးစွာရမိမည်မှာ သေချာသည်ဟု ခံစားမိသည်။

သည်ဒီဂရီစင်တီဂရိတ်အပူချိန်မှာ တောင်ပေါ်လေအေးအေးလေးက ခပ်သွဲ့သွဲ့၊ ခပ်နွဲ့နွဲ့၊ ခပ်ယိမ်းယိမ်းလေး တိုက်ခတ်ပြီး အပြေးလေးလာနှုတ်ဆက်ရှာသည်။ ဒေသခံတိုင်းရင်းသားများသာမက ထိုဒေသ၏ လေနုလေအေးလေးများသည်ပင် ဖော်ရွေလွန်းနေကြသည်။ ဧည့်ဝတ်ကျေပွန်လွန်းနေကြသည်။

တောင်စွယ်အောက်သို့ ငုံကြည့်လိုက်သောအခါ ညအမှောင်ထုက အတိဖြန့်ကြက်လွှမ်းခြုံ စိုးမိုးထားသည်။ ဖယောင်းတိုင်မီးရောင်လား၊ ရေနံဆီမီးအိမ် မီးရောင်လား သေသေချာချာမကွဲပြား။ မီးညွှန့်မီးလျှံလေးတွေ မှိတ်တုတ် မှိတ်တုတ်နှင့် ဟိုတစ်ကွက် သည်တစ်ကွက် သူတို့ တတ်နိုင်သမျှ အားလေးတွေနှင့် ကြိုးစားပြီး အလင်းဆောင်နေကြသည်။ လမိုက်ညတွင် ပိုးစုန်းကြူးလေးများ ဝဲပျံလှုပ်ရှားပျော်မြူးနေကြဟန်နှင့် ဆင်တူလွန်းလှသည်။ မိနစ်အနည်းငယ်ကြာသည့်တိုင်အောင် စကားတစ်လုံးမျှ မပြောကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ဝေ့ဝဲငေးစိုက်ကြည့်နေမိကြသည်။

ဘေးဘီတစ်ဝိုက်ကို စောင့်ကြည့်လိုက်သောအခါ အနောက်အရပ်မှ တွန်းထိုးတောက်ပနေသော ကျနေ၏ အလင်းရောင်ကြောင့် တချို့သော တောင်တန်း တောင်ကုန်းများနှင့် ယာခင်းများမှာ နေရောင်ခြည်ကိုရရှိနေကြဆဲ၊ ခံစားသုံးဆောင်နေကြဆဲဖြစ်သည်။ တစ်ချိန်တည်း တစ်

ရွာငံမြို့နယ်မှ ယစကျီအသွား အနီးရှိ သာယာလှပသည့် ရေတံခွန်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ခင်ဇာလီ)

နေရာတည်းတွင် နေ့နှင့်ညကို အပြိုင်ခံစားကြည့်ရှုနိုင်သော နေရာဖြစ်သည်။ ဤဇမ္ဗူတွင် တစ်ခုတည်းသောနေရာ ဖြစ်သည်ဟုပင် တင်စားလိုက်ချင်ပါသည်။ ဧည့်သည်များက ဗီဒီယိုရိုက်ပြီး မှတ်တမ်းတင်ကြသည်။ မြန်မာပြည်လာရကျိုးနပ်သည်ဟုလည်း စုပ်တသပ်သပ် အံ့တသြသြပြောကြသည်။ စာရေးသူတို့နိုင်ငံအတွက် ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာ ပြယုဂ်တစ်ခုဖြစ်သည်။

ထိုတောင်စွယ်ပေါ်မှဆင်းပြီး တည်းခိုရမည့် ဘုန်းတော်ကြီးကျောင်းဆီသို့ လမ်းလျှောက်ပြန်လာခဲ့ကြသည်။ လရောင်အောက်တွင် အေးမြမှုနှင့်အတူ မြမ်းစွာ ရပ်တည်နေကြသော ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်များနှင့် အခြားသော အဆောက်အအုံများသည်လည်း ည၏အအေးဒဏ်ကို အံ့တုမာန်တင်းလျက် ငြိမ်းချမ်းဖြူစင်စွာဖြင့် ဆိတ်ဆိတ်ငြိမ်သက် တောင့်ခံလျက်ရှိနေကြသည်။

နောက်တစ်နေ့ နံနက်စောစော မနက်စာ စားပြီးသောအခါတွင် ရွာထဲသို့ လမ်းလျှောက်ထွက်ကြသည်။ လေ့လာကြသည်။ ဒေသခံမိသားစုများသည် ရည်ရွယ်ချက်မျိုးစုံအတွက် သုံးစွဲရန်ရေကို အထူးတလည် ရှာဖွေကာ ဗျာများနေစရာမလိုဘဲ သဘာဝမှ လက်ဆောင်အဖြစ် အပ်နှင်းထားသော တောင်ကျစမ်းရေကြည်များကို ဝါးပိုက်တန်းရှည်လေးများဖြင့် မိမိတို့အိမ်တိုင်ရာ အရောက် လိုအပ်သလို သွယ်ဝင်ရယူသုံးစွဲနေကြသည်။ သဘာဝမှ မေတ္တာဖြင့် ကရုဏာသက်ခြင်းကို အမိအရ ဆုပ်ကိုင်ပြီးအကျိုးရှိစွာ ဥာဏ်ကူသုံးစွဲနေကြခြင်းဖြစ်သည်။

တောင်ပေါ်ဒေသဖြစ်သော်လည်း ရေဝင်ရေခပ်ခြင်းအတွက် အချိန်ဖြုန်းစရာမလို။ သူတို့၏ တန်ဖိုးရှိလှသော အချိန်များကို ဘုရားဆွမ်းတော်ကပ်ရန်နှင့် သံယာတော်များကို ဆက်ကပ်လှူဒါနိုးရန်အတွက် ချက်ပြုတ်ပြင်ဆင်ခြင်း၊ ပေါင်းသင်မြက်နုတ်ခြင်း၊ ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်း၊ ဆွတ်ခူးခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ သေသပ်စွာထုပ်ပိုးပြင်ဆင်ခြင်း၊ ဆေးလိပ်လိပ်ရာတွင် သုံးသော သနပ်ဖက်များဆွတ်ခူးခြင်း စသည့် လုပ်မှုဆောင်တာများတွင် ကုန်ဆုံးကြသည်။ ရိုးရှင်းဖြူစင်စွာဖြင့် အသက်မွေးဝမ်းကျောင်းနေကြခြင်းဖြစ်သည်။

မြေပြန့်ကျေးလက်ဒေသမှာကဲ့သို့ ရေခပ်ဆင်းရခြင်း၊ ရေခပ်ဆင်းရန် အလှပြင်လိမ်းခြယ်ရခြင်း၊ အချင်းချင်းဆုံမိကြပြီး ရွာထဲဖြစ်ပျက်သမျှကို စပ်မိစပ်ရာ ဖောက်သည်ချ သတင်းဖလှယ်ခြင်း၊ ကိုရွှေလူပျိုများ၏ သစ်ပင်ခြုံပုတ် အကွယ်များမှနေ၍ ရုတ်ခြည်းဆိုသလို ခုန်ထွက်ခြောက်လှန့်ခြင်း၊ ချစ်ရေးဆိုခြင်း စသော ရင်ခုန်ဖွယ်ရာမြင်ကွင်းများကိုတော့ ဤယစကျီရွာတွင် မမြင်ရ၊ မတွေ့ရ။

သူတို့၏ ချစ်ရေးဆိုပုံက တစ်မျိုးတစ်ဘာသာ။ မိဘများကိုသာ အားကိုးအားထားပြုကြသည်။ လူပျိုတစ်ယောက်သည် သူနှစ်သက်သည့်မိန်းမပျိုကို တွေ့ပြီဆိုလျှင် မိဘများကို ပွင့်လင်းစွာဖွင့်ဟကြသည်။ မိဘများကလည်း အချိန်ယူလေ့လာပြီး သဘောကျပြီဆိုလျှင် ရပ်မိရပ်ဖများကို အကူအညီတောင်းပြီး မိန်းကလေး၏ မိဘများနေအိမ်သို့ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ပြီး တန်းစီချီတက်ကြသည်။ အမျိုးသားကြီးများက တဘက်များကိုခေါင်းပေါင်းပြီး ရိုးရာဝတ်စုံကို ဝတ်ဆင်ကြသည်။ အမျိုးသမီးကြီးများကလည်း တဘက်များကို ခေါင်းပေါ်ခေါက်တင်ကာ ရိုးရာဝတ်စုံကို ဝတ်ဆင်ကြသည်။ ပိုင်ဆိုင်သမျှ ရွှေစ၊ ငွေနများကို အကုန်ထုတ်ကာ ဝတ်ဆင်ကြသည်။ သူတို့၏ ဝတ်စားဆင်ယင်ပုံမှာ ရှမ်းရိုရာဝတ်စုံနှင့် ဆင်တူနီးစပ်သည်။

မိန်းမပျိုတို့၏ မိဘများတည်ခင်းသော စားသောက်ဖွယ်ရာများကို စားသောက်ရင်း သားရေး၊ သမီးရေး ဆွေးနွေးကာ မဂ်လာရက်သတ်မှတ်ကြသည်။ တင်တောင်းပစ္စည်းများအနေဖြင့် ယောကျ်ားလေး မိဘများမှ တတ်နိုင်သမျှသော ယာခင်း၊ နေအိမ်၊ လက်ဝတ်ရတနာ စသည်တို့ကို တင်တောင်းကြသည်။ နည်းသည်၊ များသည် မဟူ။ ပစ္စည်းဥစ္စာကို ပဓာနမထား။ မေတ္တာစစ် မေတ္တာမှန်ကိုသာ တန်ဖိုးထားမက်မောကြသည်။ လက်ထပ်ပြီးလျှင်လည်း မိဘများနှင့် ခွဲမနေကြဘဲ တစ်အိမ်တည်းတွင် အတူစုနေကြသည်။ မိသားစုဘဝကိုသာ ခုံမင်သော ချစ်စရာကောင်းသည့် ဓလေ့ကောင်းလေးတစ်ခုဖြစ်သည်။ လူမျိုးကွဲနှင့်အိမ်ထောင်ပြုခြင်းကိုတော့ ခွင့်မပြု။ မိမိတို့၏ မျိုးရိုးကို ဂုဏ်ယူစွဲမက်စွာ ဆက်လက်ထိန်းသိမ်းလိုသည့် ခိုင်ကျူးစရာ ဓလေ့ကောင်းလေးတစ်ခုဖြစ်သည်။

အိမ်များ ဖွဲ့စည်းတည်ဆောက်ထားပုံမှာလည်း ရိုးရိုးရှင်းရှင်းရှိလှသည်။ အခန်းဖွဲ့ကာရံထားခြင်းမရှိ။ ခန်းမကျယ်ကြီးထဲတွင် သူ့နေရာနှင့်သူ ထောင့်ကပ်ပြီး ဝိုင်းပတ်နေရာယူကြသည်။ အအေးဒဏ်ကို ကုစားရန်အတွက် အိမ်၏အလယ်တွင် မီးလင်းဖိုကြီးတစ်ခုရှိသည်။ ထင်းချောင်းများအဆက်မပြတ်ထိုးပြီး လောက်မြှိုက်ရာမှ ထွက်လာသောအနွေးဓာတ်ကို မျှဝေခံစားကြသည်။ မီးလင်းဖိုကြီးဘေးတွင်ထိုင်ကာ ဝိုင်းဖွဲ့စကားပြောကြသည်။ စည်းလုံးညီညွတ်ခြင်းနှင့် မိသားစုဘဝကိုသာ နှစ်သက်ကြောင်းပြသသည့် သရုပ်သကန်ဖြစ်သည်။

ရွာဦးစေတီအနီးတွင် အစိုးရမူလတန်းကျောင်း တစ်ကျောင်းရှိသည်။ မူလတန်းအောင်မြင်ပြီးသူများသည် အခြားသောရွာများရှိ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများသို့ ပြောင်းရွှေ့ပညာသင်ကြရသည်။ ပညာရေးကိုအားပေးသည့် ရွာလေးဖြစ်သည်။ တောင်ကုန်းထူထပ်သဖြင့် မြို့ကြီးတွေမှာကဲ့သို့ စက်ဘီး၊ ဆိုင်ကယ်စီးပြီးကျောင်းတက်ရန် အဆင်မပြေကြသော်လည်း တစ်ရွာနှင့်တစ်ရွာ တစ်နာရီခွဲလောက်လမ်းလျှောက်ပြီးကျောင်းသွားတက်ကြရသည်။ တူညီကျောင်းဝတ်စုံလေးများဝတ်ဆင်လျက် အုပ်စုဖွဲ့ပြီး အော်ဟစ်ပြေးလွှားပျော်ရွှင်စွာ ကျောင်းသွားနေကြသည်မှာလည်း ကြည်နူးစရာမြင်ကွင်းတစ်ခုဖြစ်သည်။

ထိုတောင်ပေါ်ရွာလေး ယစကျီတွင် နှစ်ညအိပ်သုံးရက်တည်းသာ တည်းခိုခဲ့ရသော်လည်း မြင်တွေ့ခံစားခဲ့ရသော သဘာဝအလှ၊ ချစ်စရာဓလေ့စရိုက်များနှင့် ဘာသာတရားအပေါ် ကြည်ညိုကိုင်းရှိုင်းမှုများကို ပြန်တွေးခံစားမိတိုင်း ကြည်နူးမှုအတိဝေဖြာရပါသည်။ နောင်အခွင့်သာ၍ အရေးပါခဲ့မည်ဆိုပါက ထိုတောင်ပေါ်ရွာလေး ယစကျီသို့ တစ်ခေါက်တစ်ခါ အရောက်သွားချင်ပါသေးသည်။ အို လွမ်းလိုက်ပါဘိ ချစ်စရာ တောင်ပေါ်ရွာလေး ယစကျီ။ ။

ပြည်တွင်းရေးရာ

လားရှိုးမန်ဆူရှမ်းကျောင်းဆရာတော် အလှူငွေလှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇေ ဘဒ္ဒန္တပုညနန္ဒသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက နမ့်ဆန်မြို့သို့ လားရှိုးမြို့မှ စေတနာရှင်များနှင့်အတူ ကြွရောက်ပြီး မီးဘေးသင့်ပြည်သူများကို တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။

ထို့နောက် မန်ဆူရှမ်းကျောင်းဆရာတော်နှင့် တပည့်စေတနာရှင်များသည် အလှူငွေကျပ်သိန်း ၅၀ ကို မီးဘေးသင့် အိမ်ထောင်စုများသို့ တစ်ဦးချင်း ပေးအပ်လှူဒါန်းပြီး ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။ မန်ဆူရှမ်းကျောင်းဆရာတော်အား နမ့်ဆန်မီးဘေးကယ်ဆယ်ရေးစခန်း တည်ရှိရာ ဂိုဏ်းချုပ်ကျောင်းမှ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့်အဖွဲ့ဝင်များ၊ မီးဘေးသင့်ပြည်သူများက ကြိုဆိုဖူးမြော်၍ ဆရာတော်၏ အားပေးစကားကို နာယူကြည်ညိုခဲ့ကြကြောင်း သိရသည်။

(သီပေါကိုလတ်)

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒီတာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

နမ့်ဆန်မြို့ မီးဘေးသင့်အိမ်ထောင်စုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူများ ပြုလုပ်ပေးလျက်ရှိ

နမ့်ဆန် ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)မိတ္တူ ပြန်လည်ပြုလုပ်ပေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၂ ရက်မှစတင်၍ ပြုလုပ်ပေးနေကြောင်း သိရသည်။

လားရှိုးခရိုင်နှင့် ကျောက်မဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး မီးဘေးသင့်အိမ်ထောင်စုဝင်များ၏ မီးလောင်ဆုံးရှုံးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအစား နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ပျက်စီးသွားသော အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)အစား ပုံစံ(၆၆/၆) မိတ္တူများ ပြန်လည်ထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့မှစ၍ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော မြို့မဂိုဏ်းချုပ်ကျောင်း၌ ဆောင်ရွက်ပေးနေပြီဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၆၄ ခုနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)မိတ္တူ ၆၈ စောင်တို့အား အပြီးသတ်ဆောင်ရွက်ပေးခဲ့သည်။ နောက်ရက်များတွင်လည်း ကျန်ရှိသော အိမ်ထောင်စုဝင်များအား ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေမှာ ကျပ် ၁၈၀၅၁၇၀၀၀၊ အလှူခံဌာနသို့ လာရောက်လှူဒါန်းငွေမှာ ကျပ် ၇၅၆၃၃၆၉၀ နှင့် ဆန် ၆၀၆ အိတ်၊ ဆီ ၇၅၉ ပိဿာ၊ သွပ်ဆိုဒ်စုံ ၆၈၉၉ ချပ်၊ သွပ်မှုံ ၁၁ ဖာ၊ ဝါရှာ ကွင်း အထုပ် ၃၀ ဖြစ်ပြီး ယနေ့အချိန်ထိ အလှူခံဌာနနှင့် မီးဘေးသင့်အိမ်ထောင်စုများထံသို့ အလှူရှင်များကိုယ်တိုင် လက်ရောက်လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၁၃၂၈၀ ကျော် ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

❑

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

လပွတ္တာ ဖေဖော်ဝါရီ ၁၃

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့်ပြည်သူများအား စေတနာရှင် အလှူရှင်များ၊ အဖွဲ့အစည်းများမှ အစား၊ ဆေးဝါး၊ အဝတ်အထည်၊ အသုံးအဆောင်နှင့် အလှူငွေများကို စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသိန်းစီဖြင့်လည်းကောင်း၊ အိမ်ငှား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီဖြင့်လည်းကောင်း၊ ASIA GENERAN ELECTRIC HOLDING ကုမ္ပဏီလီမိတက်မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ အိမ်ငှားတစ်ဦးလျှင် ငွေကျပ် လေးသောင်းနှုန်းဖြင့် လည်းကောင်း စုစုပေါင်းငွေကျပ် တစ်ထောင့်သုံးရာခုနစ်ဆယ့်လေးသိန်းလေးသောင်းကို မီးဘေးသင့်ပြည်သူများသို့ တိုက်ရိုက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးပစ္စည်းများလှူဒါန်း

နမ့်ဆန် ဖေဖော်ဝါရီ ၁၃

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ အိမ်ဆောက်ပစ္စည်းများနှင့် စားသောက်ကုန်၊ အဝတ်အထည်ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မီးဘေးကယ်ဆယ်ရေးစခန်း တည်ရှိရာ နမ့်ဆန်မြို့ ဂိုဏ်းချုပ်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အေးရှားဝေါလ်ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးမျိုးခိုင်က အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် လပွတ္တာ မီးဘေးသင့်ပြည်သူများအား ကူညီလှူဒါန်းပေးခဲ့ပြီး ယခုဆက်လက်၍ နမ့်ဆန်မြို့မှ မီးဘေးသင့် မိဘညီအစ်ကိုမောင်နှမများကို လာရောက်ကူညီလှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ပြန်လည်ထူထောင်ရေးအတွက် အိမ်ဆောက်ပစ္စည်းများဖြစ်သော အိမ်မိုးသွပ်အချပ် ၁၀၀၀၊ အိမ်မိုးသွပ်ရိုက်သံ အထုပ်ကြီး(သွပ်ပြား ၁၀၀၀ အတွက်) ငါးထုပ်၊ အိမ်ရိုက်သံ ၅၁၅ ပိဿာနှင့် ဆန်အိတ် ၃၇၈ အိတ်၊ စားသုံးဆီ ၃၀၆ ဘူး၊ ကုလားပဲ ပိဿာ ၃၀၀ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ ပစ္စည်း ၁၁ မျိုးကို ပေးအပ်လှူဒါန်းရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က လက်ခံရယူသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အေးရှားဝေါလ်ဖောင်ဒေးရှင်းအဖွဲ့သည် နမ့်ဆန်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ရွှေဖီခန်းမ၌ မီးဘေးသင့်ဆရာ ဆရာမ ၂၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၄၇ ဦးတို့အတွက် ကျောင်းသုံးဗလာစာအုပ် ၁၃၄ ဒါဇင်၊ ဘောပင် အချောင်း ၃၉၀၊ ခဲတံ အချောင်း ၃၃၈၀ နှင့် အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းကြည်က လက်ခံရယူပြီး မီးဘေးသင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

(သီပေါကိုလတ်)

❖

တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ကူညီပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၌ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ၊ ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ၊ ဒဂုံတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကင်းထောက်အခြေခံသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာပါမောက္ခချုပ်များက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ထံ တင်ပြည့်နှိုင်းထားပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သင်တန်းများဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဧပြီလအတွင်းက စတင်ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး ပြင်ဦးလွင် အမျိုးသားသဘာဝဥယျာဉ်တွင်ကျင်းပသည့် ကင်းထောက်လူငယ်မောင်မယ်များ စခန်းချတွေ့ဆုံပွဲသို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၆၀ တို့သည် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၇၂၀ တို့နှင့်အတူ တက်ရောက်ခဲ့ကြသည်။

ယခုနှစ် နှစ်ဆန်းပိုင်းတွင် ဗန်းမော်တက္ကသိုလ်နှင့် ဇန်နဝါရီလတွင် ရန်ကုန်တက္ကသိုလ်၌ ကင်းထောက်သင်တန်းဖွင့်လှစ်ခဲ့ပြီး မတ်လဆန်းတွင် ကျင်းပမည့် ကင်းထောက်လူငယ်မောင်မယ်များ စခန်းချတွေ့ဆုံပွဲ (ပုဗ္ဗားစခန်း)သို့ ယခင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သော တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့်အတူ ယခုထပ်မံဖွင့်လှစ်မည့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၆၂ ဦးတို့သည် အခြေခံပညာကင်းထောက် ကျောင်းသား ကျောင်းသူများနှင့်အတူ စခန်းဝင်ရောက်လေ့ကျင့်ကြမည်ဖြစ်ကြောင်း သိရသည်။

ကိုလတ်(သတင်းစဉ်)

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအထူးကုဆရာဝန်များ ဆေးပညာဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအထူးကုဆရာဝန်များ ဆေးပညာဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်းရှိ Taw Win Garden Hotel ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆေးပညာဆွေးနွေးပွဲတွင် အသည်းရောင်အသားဝါရောဂါနှင့် ပတ်သက်၍ နောက်ဆုံးပေါ်ခေတ်မီကုထုံးများ၊ ကုသမှုနည်းစနစ်များ အသည်းမာ၊ အသည်းခြောက်၊ အသည်းကင်ဆာ၊ အသည်းအစားထိုးလဲလှယ်ခြင်းအကြောင်းကို သက်ဆိုင်ရာဘာသာရပ်အလိုက် ထိပ်သီးပညာရှင် ပါမောက္ခများက ပို့ချဆွေးနွေးကြပြီး အနောက်နိုင်ငံများသာမက အာရှတိုက်၏ လက်တွေ့ဘဝကုသအောင်မြင်မှုများကိုလည်း ပြည့်ပြည့်စုံစုံ ထည့်သွင်းဆွေးနွေးထားသည်ကို တွေ့ရကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြင်သစ်-မြန်မာအသည်းအထူးကုဆရာဝန်များ ဆေးပညာဆွေးနွေးပွဲ၊ ကမ္ဘာအဆင့်မီ အစာအိမ်အူလမ်းကြောင်းမှန်ပြောင်း (Endoscopy) သင်တန်းဖွင့်လှစ်ခြင်းတို့သည် အသင်းကြီး၏ ဂုဏ်ယူဝမ်းမြောက်စရာ သမိုင်းမှတ်တမ်းကောင်းများဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ ဥက္ကဋ္ဌပါမောက္ခဒေါက်တာဝင်းနိုင်နှင့် ဆေးပညာနီးနှောဖလှယ်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဒေါက်တာကျော်စိုးထွန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ကို မျိုးစေ့ချတည်ထောင်ခဲ့သူများ၊ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဝင်းနိုင်နှင့် အဖွဲ့သူအဖွဲ့သားများ၊ ဆေးပညာရှင်များ၊ နိုင်ငံအသီးသီးမှ ဟောပြောပို့ချမည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သူနှာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသော Symposium on Zika Virus Infection ဇီကာပိုင်းရပ်စ်ရောဂါပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အမေရိကဒေသမှာ နိုင်ငံ ၁၃ နိုင်ငံတွင် ဇီကာပိုင်းရပ်စ်ရောဂါကူးစက်ခံရသော မိခင်များမှ ဦးနှောက်နှင့် ဦးခေါင်းသေးငယ်သော ကလေးငယ်များမွေးဖွားခြင်းနှင့် ရောဂါကူးစက်ခံရသူများတွင် အာရုံကြောဆိုင်ရာ ရောဂါဖြစ်ပွားမှုများ များပြားလာသည့်အတွက် ဖေဖော်ဝါရီ ၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇီကာပိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် ပြဿနာတစ်ရပ် (Public Heath Emergency of Internation Concern-PHEIC)အဖြစ် သတ်မှတ်ဆောင်ရွက်ကြေညာခဲ့သော အချိန်မှစပြီး မြန်မာနိုင်ငံတွင် ဇီကာပိုင်းရပ်စ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

*** ကျောင်းမှ**

ကရင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်း၊ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ထိုင်းအားကစားနှင့် ခရီးသွားဝန်ကြီး မစ္စကော့ကန်းဝပ်ထနာ-ဝရာဂွန်းနှင့် ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။ အစီအစဉ်အရ နှစ်နိုင်ငံဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ပြီး မြန်မာ-ထိုင်းချစ်ကြည်ရေးစက်ဘီးစီးပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးနှင့် အဖွဲ့သည် ချစ်ကြည်ရေးတံတားပေါ်မှ စက်ဘီးစီးနင်းပြီး ချစ်ကြည်ရေးတံတားထိပ်မှ စက်ဘီးစီးနင်းသူများအား ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်ပြီး စက်ဘီးစီးနင်းသူများသည် ချစ်ကြည်ရေးတံတားမှ ရွှေမြင်းဝန်စေတီတော်၊ မိကျောင်းကုန်းကျောင်းတိုက်၊ မဟာကနကစေတီတော် ထိုမှတစ်ဆင့် ပြည်တော်ဝင်ကျောင်းတိုက်သို့ ပျော်ရွှင်စွာစီးနင်းပြီး စက်ဘီးစီးနင်းသူများအား ကံစမ်းမဲများဖောက်ပြီး ပဒေသာအကများဖြင့် ဖျော်ဖြေပေးခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲတော်တွင် ထိုင်းနိုင်ငံမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူစက်ဘီးစီးနင်းသူ ၁၄၄၀၊ မြဝတီမြို့မှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ၄၀၀၊ စုစုပေါင်း စက်ဘီးစီးနင်းသူ ၁၈၄၀ တို့က ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိန်လင်းအောင်(ပြန်/ဆက်)

○○○

ပုလောမြို့နယ် ကျောက်ကာကျေးရွာမှ မီးဘေးသင့်ပြည်သူများအား တပ်မတော်ရဟတ်ယာဉ်များဖြင့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပို့ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက်ကာကျေးရွာ၌ ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအား ရာဇဝြိုဟ်ကျေးရွာသို့ ပို့ဆောင်၍ ယာယီနေရာချထားပေးကာ လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မီးလောင်ရာနေရာသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ တိုင်းစစ်ဌာနချုပ်မှလျှပ်တစီးသောရေသန့်ဘူး ၁၃၁ ကတ်၊ ခေါက်ဆွဲခြောက် ၅၇ ဖာနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ဖြင့်လည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့ညနေပိုင်းတွင် မီးဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လျှပ်တစီးသည့် ခေါက်ဆွဲခြောက်ဖာ ၂၀၀၊ မီးဖိုချောင်သုံး ဒန်အိုး၊ ဒန်ခွက် အရွယ်မျိုးစုံ အလုံး ၉၀၀ တို့ကို ရန်ကုန်မှ တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် ပေးပို့လျှပ်တစီးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ညနေ ၆ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါပဒေသာကပွဲတွင် ရေဆင်းနယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်များရှိ တိုင်းရင်းသား တိုင်းရင်းသူများ စုပေါင်း၅၀ဝတ်စားဆင်ယင်မှုသရုပ်ပြခြင်းအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို နှစ်စဉ် ပြည်ထောင်စုနေ့တိုင်းတွင် ရေဆင်းနယ်မြေ၊ တက္ကသိုလ်များ၏ တိုင်းရင်းသားလူမျိုးများစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီက ကြီးမှူး၍ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန်းရွှေစက်တော်ရာဘုရား ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရား ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်ဖွင့်ပွဲ မဂ်လာအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် မန်းရွှေစက်တော်ရာဘုရား အဝင်လမ်း မဂ်လာမုခ်ဦးတော် အောက်ခြေတော်ရာ ပါဒစေတီ၊ အထက်ခြေတော်ရာ ပါဒစေတီ၊ နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်တို့၌ ကျင်းပသည်။

အဆိုပါ မဂ်လာအခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မကွေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန်းရွှေစက်တော်ရာဘုရားအဝင်လမ်း မဂ်လာမုခ်ဦးနှင့် အောက်စက်တော်ရာအဝင်လမ်း မဂ်လာမုခ်ဦးများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မကွေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မုခ်ဦးဆိုင်းဘုတ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗန်းမော်ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ အလင်းပေါက်ဖန်အုပ်ဆောင်းတော်ကို မဂ်လာအချိန်တွင်ဖွင့်လှစ်၍ ရေစင်များသွန်းဖျန်းခြင်း၊ ရွှေသက်နန်းများကပ်လှူခြင်းများ ဆောင်ရွက်ပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက် အထက်စက်တော်ရာ ပါဒစေတီတော်မြတ်သို့ ကြွရောက်ကြပြီး စေတီတော်အား ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြည်ညိုကြကာ အထက်စက်တော်ရာ ပါဒစေတီမြတ် ဗုဒ္ဓါဘိသေကအနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်ဖွင့်ပွဲ မဂ်လာအခမ်းအနားပြုလုပ်ရာ ဗန်းမော်ဆရာတော်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်တို့က မဂ်လာအချိန်တွင် ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗန်းမော်ဆရာတော်ကြီးက နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော် မော်ကွန်းစာတန်းကို ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ဗိမာန်တော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈယ်ကြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မဂ်လာမုခ်ဦးတော်၊ မဟာဗိမာန်တော်ကြီး တည်ဆောက်ပြုပြင်လျှဒါန်းမှုနှင့်ပတ်သက်၍ သာသနာရေးရာများ လျှောက်ထားပြီး မဂ်လာမုခ်ဦးနှင့် မဟာဗိမာန်တော်ကြီး တည်ဆောက်ရာတွင် စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြသော အလှူတော်ငွေများကို အလှူရှင်များ ကိုယ်စား တာဝန်ရှိသူများက လွှဲအပ်လှူဒါန်းရာ ဂေါပက အဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်နှင့် ဟံသာဝတီအမှတ်ခွဲယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းဌာနချင်းပရာ ရခိုင်အသင်းနှင့် ဟံသာဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

ရခိုင် - တစ်ဂိုး၊ ဟံသာဝတီ - တစ်ဂိုး

ယခုရာသီအဖွင့်ပွဲတွင် နိုင်ပွဲရပြီးကတည်းက နိုင်ပွဲပျောက်ဆုံးနေသည့် ရခိုင်အသင်းမှာ ယခုပွဲတွင်လည်း နိုင်ပွဲရယူနိုင်ခြင်းမရှိသောကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရခိုင်အသင်းမှာ နိုင်ပွဲရယူနိုင်ခြင်းမရှိသော်လည်း ဟံသာဝတီအသင်း၏ နိုင်ပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့သည်။

ဟံသာဝတီအသင်းမှာ ဒဏ်ရာပြဿနာရှိနေသည့် မောင်မောင်လွင်မှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ရခိုင်အသင်းမှာလည်း အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ကစားကွက်တည်မရဖြစ်နေသောကြောင့် ပွဲအေးတစ်ပွဲဖြစ်နေသည်။ မိနစ် ၃၀ နောက်ပိုင်းတွင် ဟံသာဝတီအသင်း ပိုဖိကစားလာနိုင်သော်လည်း ဘမ်ဘာနှင့် အီမန်စ်တို့၏ ကန်ချက်များလွဲချော်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရခိုင်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၅၉ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ဘရာဇီးတိုက်စစ်မှူး အန်ဒရေက ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဟံသာဝတီအသင်း လူအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်လာခဲ့ပြီး ၈၄ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ဟံသာဝတီအတွက် ချေပဂိုးကို အသင်းခေါင်းဆောင် အောင်ဇော်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲ

(ဗထူးကွင်း)	**ရတနာပုံ**	**- ဇေယျာရွှေမြေ**
(အောင်ဆန်းကွင်း)	**ဇွဲကပင်**	**- ရှမ်းယူနိုက်တက်**
(သုဝဏ္ဏကွင်း)	**မကွေး**	**- Southern**

(ရှိုင်းထက်ဇော်)

စာကြည့်တိုက် နှစ်ပတ်လည်နေ့ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ပိန္နဲကုန်းစာကြည့်တိုက်သည် စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး အကောင်းဆုံး စွမ်းဆောင်နိုင်သည့် တတိယဆု ရရှိခဲ့သော စာကြည့်တိုက်တစ်ခုဖြစ်သည့် အတွက် ၎င်းစာကြည့်တိုက်အား ဖေဖော်ဝါရီ ၁၂ ရက်တွင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆုချီးမြှင့်ခဲ့သည်။

ယင်းနောက် ည ၇ နာရီကျော်တွင် စာပေဟောပြောပွဲကို ပိန္နဲကုန်းရပ်ကွက် ပိန္နဲကုန်းစာကြည့်တိုက်တည်ရှိရာ ပိတောက်လမ်းမထိပ် စာပေဟောပြောပွဲစင်မြင့်၌ စာကြည့်တိုက် နှစ်ပတ်လည်နေ့ စာပေဟောပြောပွဲ ကျင်းပခဲ့သည်။

အစီအစဉ်အရ ရှေးဦးစွာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုထွန်းက စာပေဟောပြောပွဲ ကျင်းပရခြင်း ဂုဏ်ပြုအမှာစကားပြောကြားပြီး ရုပ်ရှင်သရုပ်ဆောင် အရိုင်းက "ပေါင်းစည်းခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ သန်လျင် မောင်မောင်ဦး(စာပေဗိမာန်ဆုရ)က "အလှဆုံးအပြုံး"ခေါင်းစဉ်ဖြင့် မိခင်များ၏ မေတ္တာကို တင်စားဖော်ကျူးသည့် စာပေရေးရာများကိုလည်းကောင်း ဟောပြောပြီးနောက် စာရေးဆရာ မောင်ညိုမှိုင်း(သန်လျင်)က "ဂဒ္ဓိရတဘောင်" ခေါင်းစဉ်ဖြင့် ဂဒ္ဓိရဆန်ဆန် ယခင် အတိတ်တဘောင်များသည် ယခု ပစ္စုပ္ပန်ကာလတွင် အမှန်ဖြစ်နေကြောင်း စသည့် ဗဟုသုတရဖွယ်ရာ ဂဒ္ဓိရစာပေများကို ဟောပြောရာ စာပေချစ်သူ၊ စာပေမြတ်နိုးသူ၊ စာဖတ်ပရိသတ်များက နှင်းမှုန်များအောက်တွင် ခံစားနားဆင်နေကြကြောင်း သိရသည်။

(၆စဂ)

တရုတ်နိုင်ငံသားတစ်ဦး စည်းကမ်းမဲ့ ယာဉ်မောင်းနှင်ရာမှ ယာဉ်မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကျောက်မျက်ရတနာပြတိုက်ရှေ့ ရာဇသင်္ဘာလမ်းပေါ်၌ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က လယ်ဝေးဘက်မှ သပြေကုန်းအုပ်ဝင်းဘက်သို့ Mr.Li Zhong Hau အသက်(၃၂)နှစ် မောင်းနှင်လာသော တိုယိုတာ လင်ခရူဆာ အမျိုးအစား ယာဉ်အမှတ် YGN 2C/----- သည် လက်ယာဘက်ယာဉ်ကျောမှ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ ဓာတ်တိုင်နှင့် အပင်များအား တိုက်ပြီး လက်ဝဲဘက်ယာဉ်ကြောသို့ လမ်းပြောင်းပြန်ဒယဉ်တိုက်ဆွဲကာ ပေ ၃၀၀ ကျော် လွင့်စဉ်သွားခဲ့သည်။**(အပေါ်ယာပုံ)**

အဆိုပါ ယာဉ်မဆင်မခြင်မောင်းနှင်လာသူ တရုတ်နိုင်ငံသား Mr. Li Zhong Hau အား နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်မှုစစ်ရဲအရာရှိ ရဲအုပ်မောင်မောင်သိန်းနှင့်အဖွဲ့က ဆက်လက်အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းလွင်ဦး(နေပြည်တော်)

မော်ဘီဝါးနက်ချောင်းတွင် စက်ရေတွင်း၊ ရေကန်ဖွင့်

မော်ဘီ ဖေဖော်ဝါရီ ၁၃

မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်းတန်ကျေးရွာ၌ မော်ဘီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပြီးစီးခဲ့သည့် စက်ရေတွင်း၊ ရေစက်ရုံ၊ အုတ်ရေကန်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက ရေပေးရေးဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်တာဝန်ရှိသူများက စက်ရေတွင်း၊ ရေကန်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(ကြေးမုံ)

ဥက္ကလာဂေါက်ကွင်း Green Fees အထူးဝန်ဆောင်မှုပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်ရှိ ခေတ်မီအဆင့်မြှင့်ပြုပြင်ပြီးဖြစ်သည့် ဥက္ကလာဂေါက်ကွင်းသည် သွားရေးလာရေးအတွက် အထူးကောင်းမွန်ပြီး ကွင်းစည်းကမ်းနှင့် ဝန်ဆောင်မှုများကြောင့် ရုံးဖွင့်ရက်နှင့် ရုံးပိတ်ရက်များတွင် ဂေါက်ရိုက်ကစားသူများ အထူးများပြားလျက်ရှိသည်။

ဥက္ကလာဂေါက်ကွင်းက လာရောက်ကစားသူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဖေဖော်ဝါရီလမှစ၍ လစဉ် တစ်လအတွင်း ၁၀ ကြိမ်နှင့်အထက် လာရောက်ကစားသူများအား သတ်မှတ်ရက်အလိုက် Green Fees အခမဲ့ တစ်ကြိမ် ကစားခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(လွင်ထွန်း)

ကျေးလက်ကျောက်ချောလမ်း ဖွင့်လှစ်

သရက် ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် မန်ကျည်းပင်ပု-ပေကုတင်-ရွှေပန်းကိုင်းလမ်း ပေအရှည် ၂၆၄၀ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူးဆောင်အရာရှိ ဦးသိန်းနိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးလက်လမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၂၀၀ဖြင့် ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းဆောင်ရွက်ပြီးစီးသွားပါက ပေကုတင်အုပ်စုရေမျက်အုပ်စုများမှ ကျေးရွာပေါင်း ၂၀ အတွက် အကျိုးပြုနိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

ဇော်ထက်(သရက်)

ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားရေး၊ယာဉ်ကြောရောက်မှု ယခင်နှစ်ထက် ပိုမိုများပြားခဲ့

ပုဂံ ဖေဖော်ဝါရီ ၁၃

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေဖြစ်သော ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားရေး၊ယာဉ်ကြောရောက်မှုမှာ ၂၀၁၅ နှစ်ကုန်ပိုင်းတွင် အများဆုံးလာရောက်မှုရှိခဲ့ပြီး ယခင်နှစ်ထက် ပိုမိုများပြားသော ရေး၊ယာဉ်ပမာဏဖြစ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

၂၀၁၅ ခုနှစ်တွင် ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားရေး၊ယာဉ်ကြောရောက်လည်ပတ်မှုမှာ စက်တင်ဘာလကုန်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပုဂံရုံးခွဲ၏ စာရင်းများအရ ခရီးသွားရေး၊ယာဉ်တစ်သိန်းကျော်သာ လာရောက်မှုရှိခဲ့သည်ဟု သိရသည်။ ၂၀၁၄ ခုနှစ် တစ်နှစ်လုံးတွင် ပုဂံဒေသသို့ နိုင်ငံခြားသားရေး၊ယာဉ်ကြောရောက်လည်ပတ်မှုမှာ နှစ်သိန်းကျော်ရှိခဲ့သောကြောင့် ၂၀၁၅ နှစ်ကုန်ပိုင်းတွင် လာရောက်မည့် ရေး၊ယာဉ်ပမာဏမှာ ၂၀၁၄ ခုနှစ်ထက် ပိုမိုများပြားနိုင်မည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသာမက ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများနှင့် ပုဂံဒေသခံများက မျှော်မှန်းထားကြသည်။

"ရေး၊ယာဉ်တွေက ပြည်ပရော ပြည်တွင်းကပါ လာတာများပါတယ်။ နိုဝင်ဘာရွေးကောက်ပွဲအပြီးမှာ တော်တော်လေးကို များလာပါတယ်။ အဲဒီမတိုင်ခင်ကတော့ ပုံမှန်လေးပဲရှိပါတယ်။ နိုင်ငံခြားသားရေး၊ယာဉ်တွေဆိုလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ်လာတဲ့ရေး၊ယာဉ် အနည်းငယ်လောက်ပဲရှိကြတယ်။ ရွေးကောက်ပွဲကာလနဲ့ ရာသီဥတုအခြေအနေကို စောင့်ကြည့်တာလည်းပါမယ်ထင်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ပြည်တွင်း၊ ပြည်ပရေး၊ယာဉ် အတော်ကိုများလာပါတယ်။ ရေး၊ယာဉ်များတော့ လုပ်ငန်းလေးတွေ အဆင်ပြေတာပေါ့။ ဘက်ထရီဆိုင်ကယ်တွေလည်း အင့်ဘဖြစ်၊ မြင်းလှည်းတွေလည်း အလုပ်ဖြစ်ပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလည်း အရောင်းသွက်ပါတယ်။ ဒီနှစ်မှာ အခုလို အခြေအနေမျိုးနဲ့ဆိုရင်တော့ ၂၀၁၅ ထက်ကို ပိုများလာမယ်လို့တော့ မျှော်လင့်ထားပါတယ်"ဟု ပုဂံဒေသ ကားစင်းလုံးငှား ဝန်ဆောင်မှု ဆောင်ရွက်နေသူ ဦးမြင့်စိုးက ပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၅ ခုနှစ်တွင် ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားရေး၊ယာဉ် လာရောက်မှုလေးသိန်းကျော်ရှိခဲ့သည်ဟုသိရပြီး အမေရိကန်နိုင်ငံမှ အများဆုံးဖြစ်ကာ ဂျပန်နိုင်ငံမှ ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင်လည်း နိုင်ငံခြားသားခရီးသွားရေး၊ယာဉ် နှစ်သိန်းကျော် ဝင်ရောက်မှုရှိခဲ့ရာ အမေရိကန်နိုင်ငံမှ အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံးဖြစ်သည်ဟု သိရသည်။ ယခု ၂၀၁၆ ခုနှစ်တွင် ပိုမိုများပြားလာမည်ဟု မျှော်လင့်ထားပြီး ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ အပါအဝင် ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ဒေသခံများ ပူးပေါင်းပါဝင်လှုပ်ရှားသော စီမံချက်များစွာဖြင့် ခရီးသွားကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးတို့ အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၀၁)

ဟန်လင်း ပျူယဉ်ကျေးမှုနယ်မြေမှ ရေပူရေအေးတွင်းများကို ခရီးသွားရေး၊ယာဉ်များ အထူးစိတ်ဝင်စား

စစ်ကိုင်း ဖေဖော်ဝါရီ ၁၃

စိတ်ဝင်စားစရာများစွာနှင့် ဂုဏ်ယူဖွယ်ရာနေရာတစ်ခုကိုပြပါဆိုလျှင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဟန်လင်းပျူယဉ်ကျေးမှုနယ်မြေကို ပြရမည်ဖြစ်သည်။ လက်ရှိကာလတွင် ပျူယဉ်ကျေးမှုနယ်မြေကို ပြည်တွင်း၊ ပြည်ပခရီးသွားရေး၊ယာဉ်များ နေ့စဉ်လာရောက်လေ့လာလျက်ရှိသည်။ ဟန်လင်းပျူယဉ်ကျေးမှုနယ်မြေသို့သွားရာ လမ်းတစ်လျှောက်တွင် နွေဦးရာသီတွင် ဝိုးပြတ်နံ့များ သင်းနေပေသည်။ မျက်စိတစ်ဆုံးမြင်တွေ့နေရသော လယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသော လေကောင်းလေသန်းများကို ရှူရှိုက်လိုက်သည်နှင့် ရှေးဟောင်းဟန်လင်းမြို့ဟောင်းကို လွမ်းစရာအတိဖြင့် ကြည့်ရှုခံစားသွားစေသည်အထိ သဘာဝအလှရသကို ခံစားနိုင်သောနေရာပင်ဖြစ်သည်။

ထနောင်းပင်တန်းလေးများဖြင့် လှပသောနေရာဖြစ်သလို ကျေးလက်ဒေသ ရှင်လောင်းလှည့်သည့် မြင်ကွင်းမှာ ခရီးသွားရေး၊ယာဉ်များကို အထူးသဘောကျစေသည့်မြင်ကွင်းပင်ဖြစ်သည်။

ဟန်လင်းသို့ ဝင်လိုက်သည်နှင့် ထူးခြားသော ရေပူရေအေးတွင်းများကို တွေ့မြင်ရပေသည်။ ဟန်လင်းမြို့ဟောင်းသို့ လာရောက်လည်ပတ်သော ပြည်တွင်း၊ ပြည်ပခရီးသွားရေး၊ယာဉ်များမှာ ရေပူရေအေးစမ်းတွင်းလေးများကို အထူးစိတ်ဝင်စားကြသည်။ တစ်နေရာတည်းတွင်ပင် ရေပူရေအေးတို့ နီးကပ်စွာ ထွက်သည့်တွင်းများရှိနေပုံမှာ အထူးအံ့သြဖွယ်ဖြစ်နေသည်။

ရေများ ခပ်ချိုးနိုင်သည်အထိ ပြည့်နေပေသည်။ ရေပူစမ်းတွင်းများ ဆိုလျှင်ပူနေပြီး ကြက်ဥထည့်ထားပါက ကြက်ဥပြုတ်ပြီးသားဖြစ်သွားသည်အထိ ရေပူနေပေသည်။ ရေပူများကို ဒေသခံများက ထမင်းချက်သည့်နေရာတွင် အသုံးပြုကြသည်။ ရေအေးကိုမူ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း အတွက် အသုံးပြုသည်။ ရှေးယခင်ကတည်းကရှိသော တွင်းများပင်ဖြစ်သည်။ ထိုတွင်းများကို ဟန်လင်း ၁၇ ရပ် ကျေးရွာများမှ အားထားကာရေချိုးကြသည်။

ရေပူ၊ ရေအေး၊ အနည်းငယ်နွေးနေသော ရေများကို ခပ်ချိုးခြင်းဖြင့် အညောင်းအညာပြေကြောင်း သိရသည်။ လက်ရှိကာလတွင် ဟန်လင်းပျူယဉ်ကျေးမှုနယ်မြေသို့ လာရောက်လေ့လာသော ပြည်တွင်းပြည်ပခရီးသွားရေး၊ယာဉ်များမှာ ထူးခြားသော ရေပူရေအေးစမ်းတွင်းလေးများကို အထူးစိတ်ဝင်တစားလေ့လာပြီး ရေချိုးသွားလေ့ရှိကြောင်း သိရသည်။

(တိမ်တမန်)

ရှေးဟောင်းအမွေတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့

ဒေါက်တာ ဥမ္မာလင်း(မော်ကွန်းတိုက်)

ယနေ့ကမ္ဘာသည် အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ ပညာရပ်များ မြန်ဆန်စွာပြောင်းလဲတိုးတက်လျက်ရှိပေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သစ်လွင်ဆန်းသစ်သော အကောင်းအမွန်များနှင့် ဂုဏ္ဌာရုံများကို လူသားတိုင်း အလေးထားပြီး နှစ်သက် မြတ်နိုးခံမင်လာကြ သည်မှာ သဘာဝပင်ဖြစ်သည်။ မည်သို့ပင် ခေတ်မီတိုးတက်စေကာမူ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုအစဉ်အလာနှင့် ရှေးဟောင်း အမွေအနှစ်များ ထာဝစဉ် မပျက်စီးစေရန် ထိန်းသိမ်းကြရမည်မှာ လူသားတိုင်း၏ မွေးရာပါတာဝန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက် တကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ တောင်ငူ၊ ညောင်ရမ်း၊ အမရပူရ၊ ရတနာပုံ ခေတ် အဆက်ဆက်တွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာ၊ အစဉ်အလာနှင့် ခမ်းနားထည်ဝါစွာ သမိုင်းမှတ်တိုင်များစိုက်ထူကာ နေထိုင်ခဲ့ကြပေသည်။ ရှေးဟောင်း ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာများတွင် သက်သေသက္ကာယ အထောက်အထားခိုင်လုံစွာ တွေ့ရှိရမည်ဖြစ်သည်။ ဗုဒ္ဓဝင်၊ ရာဇဝင်၊ မဟာဝင်၊ မေတ္တာစာ၊ ကိုယ်ကျင့်တရား၊ အတ္ထုပ္ပတ္တိ၊ ဒေသန္တရ စသည့် မြန်မာတို့၏ စိတ်ကူးလေးနက်သည့် စာပေကျမ်းဂန်များအား ရှေးဟောင်းပေစာများတွင် အထင်အရှားတွေ့နိုင်ပါသည်။

ရှေးအခါက ပေစာများကို ပြုစုရာ၌ လပေါင်းများစွာ၊ နှစ်နှင့်ချီ၍ အချိန်ကုန်ခံပြီး ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ကြရသည်။ ပေစာတစ်ချပ်တွင် ဘာသာရပ်များစွာ ပါဝင်ပါသည်။ ရှေးဟောင်းသမိုင်းဝင်ပေစာသည် နှစ်ပေါင်းများစွာ ကြာမြင့်စေကာမူ ယနေ့အချိန်ကာလအထိ ရှင်သန်သော လက္ခဏာ (Organic Character)ဖြစ်ခြင်း၊ အနာဂတ်အသုံးဝင်မှု (Future Use)ဖြစ်ခြင်း စသည့်အရေးပါမှုများ ပါဝင်ပါသည်။ ရှေးဟောင်းမော်ကွန်းဝင် ပေစာ၊ ပုရပိုက်စာများသည် သဘာဝအန္တရာယ်(သို့မဟုတ်) အခြားအကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားပါက နောင်အစားပြန်မရနိုင်သည့် ရှားပါးအထောက်အထားများဖြစ်သည်။

ရှေးဟောင်းအမွေဆိုသည်မှာ မျိုးချစ်စိတ်၏ သွင်ပြင်လက္ခဏာတစ်ရပ်လည်းဖြစ်သည်။ ရှေးဟောင်းအထောက်အထားများ ပျက်စီးသွားခြင်းသည် နိုင်ငံအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံသားများအနေဖြင့်သော်လည်းကောင်း ကြီးမားသော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းကြရမည်မှာ နိုင်ငံသားတိုင်းအတွက် သမိုင်းပေးတာဝန်ဖြစ်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် နိုင်ငံ၏ အုပ်ချုပ်ရေး၊ အမျိုးသားရေး၊ ယဉ်ကျေးမှုနှင့်သမိုင်းတန်ဖိုးရှိသည့် အထောက်အထားများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းလျက်ရှိသည်။ နိုင်ငံအနှံ့ ပျံ့နှံ့လျက်ရှိသော ရှေးဟောင်းမော်ကွန်းဝင် ပေစာ၊ ပုရပိုက်စာ၊ စာချွန်များကို တစုတစည်းတည်းဖြစ်စေရန် Digitization မှတ်တမ်းတင် ရိုက်ကူးခြင်းများ ဆောင်ရွက်၍ စက္ကူမဟုတ်မှတ်တမ်းများ (Nan-Paper Records)အသွင် ထိန်းသိမ်းထားရှိပါသည်။

နိုင်ငံတကာတွင် ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်စားပွဲဝိုင်းကွန်ဖရင့်များတွင် စက္ကူမဟုတ်မှတ်တမ်းများ ထိန်းသိမ်းခြင်းဖြင့် မှတ်တမ်း၊ မော်ကွန်းများ၏ လုံခြုံမှုအတွက် အကာအကွယ်ရရှိခြင်း၊ သုတေသီနှင့် ကျောင်းသား ကျောင်းသူများအတွက် သုတေသနနှင့် အညွှန်းကိုးကားမှုပြုနိုင်ခြင်း၊ အထောက်အထားများအား ထိန်းသိမ်းသည့်နေရာ ဧရိယာအတွက် ကျဉ်းမြောင်းသွားနိုင်ခြင်း စသည့် အကျိုးများရရှိနိုင်ကြောင်း ထောက်ခံတင်ပြထားပါသည်။ စက္ကူမဟုတ်မှတ်တမ်းများအားရယူခြင်း မူဝါဒသည်ပုံသေသတ်မှတ်ထားသော မူဝါဒမရှိပါ။ Highly Selected Basic ဖြင့်သာ ရယူပါသည်။

အမျိုးသားမော်ကွန်းတိုက်သည် နိုင်ငံတစ်ဝန်းရှိ သမိုင်းဝင်အထောက်အထားများကို အစိုးရအဖွဲ့အစည်းများတွင်သာမက အခြားအဖွဲ့အစည်းများ၊ ရဟန်း၊ ရှင်၊ လူ၊ ပုဂ္ဂိုလ်များ၏ လက်ဝယ်ရှိသော နိုင်ငံ၏ အရေးကြီး မှတ်တမ်းမှတ်ရာများ၊ ရှေးဟောင်းအထောက်အထားများ ရေရှည်တည်တံ့စေရန်အတွက် လွှဲပြောင်း၊ လက်ခံ၊ ရယူ၊ စုဆောင်း၊ ထိန်းသိမ်းလျက်ရှိသည်။ အမျိုးသားမော်ကွန်းတိုက်တွင် အထောက်အထားများ ထားရှိရာ အခန်းများ၌ နံရံများမှ အစိုဓာတ်စိမ့်ဝင်ထိုးဖောက်မှုမရှိစေရန် ထားရှိခြင်း၊ လျှပ်စစ်မီးအသုံးပြုမှုကိုလည်း လိုက်လျောညီထွေထားရှိခြင်း၊ စက္ကူမဟုတ် မှတ်တမ်းများအား သံမဏိစင်များပေါ်တွင် သစ်သားပြားများ ခင်း၍ သံလိုက်ဓာတ်မဝင်စေရန်ထားရှိခြင်း၊ ဗဟိုမှ လေအေးပေးစက်များဖြင့် ကောင်းမွန်စွာထိန်းသိမ်းထားရှိခြင်း၊ အပူချိန်မှာ ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်ရှိစေ၍ စိုထိုင်းဆမှာ ၅၀ ဒီဂရီစင်တီဂရိတ်မှ ၆၀ ဒီဂရီစင်တီဂရိတ်ဖြင့် နိုင်ငံတကာအဆင့်မီ ထိန်းသိမ်းထားရှိပါသည်။

တန်ဖိုးရှိ၍ တန်ဖိုးသိစွာ ထိန်းသိမ်းထားသော ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများ အနေဖြင့် မိမိတို့၏ လက်ဝယ်တွင် ထိန်းသိမ်းထားခြင်းထက် ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့် စနစ်တကျထားရှိရာ အမျိုးသားမော်ကွန်းတိုက်သို့ ပေးပို့၍ ထိန်းသိမ်းစောင့်ရှောက်စေခြင်းဖြင့် ရှေးဟောင်းအမွေအနှစ် အထောက်အထားများ နှစ်ကာလရှည်ကြာစွာ တည်တံ့နိုင်မည် ဖြစ်သည်။ လျှုဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများဖြင့် ကျေးဇူးတင်စွာ လက်ခံရယူလျက်ရှိပါသည်။ နိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းမော်ကွန်းဝင် ပေစာ၊ ပုရပိုက်စာများအား အမျိုးသားရေးအသိဖြင့် "ရှေးဟောင်း အမွေတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့"ဟု ဆန္ဒပြု တိုက်တွန်းလိုက်ရပါသည်။ ။

နေပြည်တော် ရေပူစမ်းအပန်းဖြေခန်းသို့ အလည်တစ်ခေါက် လာရောက်အပန်းဖြေအနားယူနိုင်

နေပြည်တော် ရေပူစမ်းအပန်းဖြေခန်းသည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်တွင်တည်ရှိသည်။ နေပြည်တော်မှ တပ်ကုန်းသို့ ရန်ကုန်-မန္တလေးကားလမ်းမှ လမ်းဟောင်းအတိုင်း မောင်းလျှင် မိုင်တိုင် (၂၇၁/၄) တွင် ကင်းသာလမ်းဆုံသို့ ရောက်ရှိမည်ဖြစ်သည်။

နေပြည်တော်-ပင်လောင်း မော်တော်ကားလမ်းသည် ၆၉ မိုင် ရှည်လျားပြီး တောင်စဉ်တောင်တန်းများ၊ အကွေ့အဝိုက် အတက်အဆင်းဖြင့် ဖောက်လုပ်ထားသည်ကို တွေ့ရပြီး ခရီးသွားရင်း သဘာဝပတ်ဝန်းကျင် အလှကိုလည်း ခံစားရမည်ဖြစ်သည်။

နေပြည်တော်မှ ၂၅ မိုင် ကွာဝေးပြီး ရေပူစမ်းသို့ မရောက်မီ အတက်အဆင်းများဖြင့် မတ်စောက်သော ကွေ့ကိုးကွေ့ကိုလည်း ဖြတ်သန်းကြရမည် ဖြစ်သည်။ ကင်းသာလမ်းခွဲမှ တစ်နာရီခန့် မောင်းနှင်ပြီးနောက် နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းသို့ ရောက်ရှိမည်ဖြစ်သည်။

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၅၀၈ ပေအမြင့်တွင် တည်ရှိကာ ရေအပူချိန်မှာ ၇၅ ဒီဂရီစင်တီဂရိတ်မှ ၉၈ ဒီဂရီစင်တီဂရိတ်ထိ ရှိသည်ဟုသိရသည်။ ရေပူစမ်းအပန်းဖြေစခန်းမှာ တောင်ကျကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သဘာဝအလျောက်ထွက်ရှိသော နေရာသုံးနေရာမှ ရေများကို ရေပူစီးကြောင်းဖြင့်လည်းကောင်း၊ ရေအေးချောင်းများမှ ရေအေးများကို ရေအေးစီးကြောင်းဖြင့်လည်းကောင်း သွယ်ယူကာ ပြင်ပစုပေါင်းရေစိမ်ကန်လေးကန်၊ အမျိုးသား၊အမျိုးသမီး (သီးသန့်) ရေစိမ်ခန်းလေးခန်းတို့ဖြင့် လာရောက်အပန်းဖြေသူများအတွက် အဆင်ပြေစေရန် ဝန်ဆောင်မှုပေးထားသည်ကို လေ့လာတွေ့ရှိရသည်။

ဆောင်းရာသီကာလ စိတ်အပန်းပြေစေရန် လာရောက်လည်ပတ်သူများသည် ကျန်းမာရေးအတွက် ရေပူစမ်းတွင် တကူးတက လာရောက်စိမ်လေ့ရှိသူများလည်း ပါဝင်ကြောင်း သိရသည်။ လာရောက်လည်ပတ်သူများအတွက် ရေပူစိမ်ရာတွင် အခမဲ့နှင့် အခပေးရေပူစိမ်ကန်များလည်း ရှိသည်။

နေပြည်တော်ရေပူစမ်းကို အပန်းဖြေလာရောက် လည်ပတ်ကြသူများအတွက် ဆောင်းရာသီကာလအတွင်း အပန်းဖြေစရာ တစ်ခုအနေဖြင့် အများပြည်သူများအတွက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လည်ပတ် အနားယူအပန်းဖြေကြသူများအတွက် ခြောက်ခန်းတွဲလုံးချင်း ဘန်ဂလိုအိမ်ရာများတွင် တစ်ဦးချင်းလည်းကောင်း၊ မိသားစုလိုက်အတွက်လည်းကောင်း အဆင်ပြေစေရန် စီစဉ်ပေးထားသည်။

ရေပူစမ်းအပန်းဖြေစခန်းသို့ လာရောက် အပန်းဖြေသူများအတွက် အဆင်ပြေစွာ စားသောက်နိုင်စေရေးအတွက် ဒေသခံတိုင်းရင်းသား စားသောက်ဆိုင်များနှင့် အဆင့်မြင့် စားသောက်ဆိုင်များလည်း ဖွင့်လှစ်ပေးထားသည်။

ဒေသထွက် သီးနှံများဖြစ်သော နန္တင်းခါး၊ ရွှေနီဌက်ပျော၊ ပျားရည်၊ ဆေးဖက်ဝင် သစ်ဥသစ်ဖုများ၊ တည်း၊ မျှစ်ချဉ်၊ ပျိုးပင်ပေါက်ပန်းမန်များ၊ သစ်ခွပန်းများနှင့် ဆတ်သားခြောက်များလည်း ရောင်းချပေးနေသည်ကို တွေ့ခဲ့ရသည်။

ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း) အတိုင်း တပ်ကုန်းမြို့အနီး ပင်လောင်းကားလမ်းမှတ်တိုင်တွင် အနီးအနားဒေသတစ်ဝိုက်မှ ရေပူစမ်းသို့ သွားရောက်နိုင်ရန်အတွက် ဆိုင်ကယ်ကယ်ရီသမားများလည်း ပြေးဆွဲပေးလျက်ရှိသည်။

နေပြည်တော်-ပင်လောင်းသို့ သွားရာ ကားလမ်းမဘေး၏ ဝဲဘက်တွင် ရေပူစမ်းဆိုင်းဘုတ်ကို စိုက်ထူထားသည်ကို တွေ့ရှိရမည်ဖြစ်ကာ အထင်ကရ နေရာတစ်ခုဖြစ်သော ရေပူစမ်းသို့ အလည်အပတ်သွားရောက်အပန်းဖြေ အနားယူနိုင်ကြပေသည်။

(ကေသွယ်)

ပုံရွာမြို့နှင့် ရွှေဘိုမြို့တို့တွင် ပြည်သူ့အဌားအိမ်ရာများ တည်ဆောက်လျက်ရှိ

ပုံရွာ ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပုံရွာမြို့နှင့်ရွှေဘိုမြို့တို့တွင် ပြည်သူ့အဌားအိမ်ရာစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဦးစီးဌာနမှျားထံမှ သိရသည်။

ပြည်သူ့အဌားအိမ်ရာစီမံကိန်းကို ပုံရွာမြို့ မြို့သစ်ရပ်ကွက် ဇမ္ဗူသပြေလမ်းနှင့် စွယ်တော်လမ်းကြားနှင့် မြို့သစ်ဗဒ္ဓလေးနှင့် အမှတ်(၈) လမ်းကြား ၁ ဒသမ ၅ ဧက ကျယ်ဝန်းသော မြေပေါ်တွင် တည်ဆောက်နေသလို ရွှေဘိုမြို့ မင်းကျောင်းကျေးရွာအုပ်စုအတွင်း ၈ ဒသမ ၈၈ ဧက အကျယ်မြေပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၊ အလယ်အလတ်လူတန်းစားများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြေချနေထိုင်မည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့က ပြည်သူ့အဌားအိမ်ရာစီမံကိန်းမှာ တည်ဆောက်နေတာ လုပ်ငန်းအားလုံး ၈၅ ရာခိုင်နှုန်းလောက်ပြီးနေပြီဖြစ်သလို ပုံရွာမြို့သစ်ကအိမ်ရာစီမံကိန်းကတော့ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီး အဆောက်အအုံတစ်လုံးကို ၂၅ရာခိုင်နှုန်းလောက်ပြီးနေပါပြီ" ဟုတိုင်းဒေသကြီးဦးစီးမှူးဦးရွှေဝင်းက ပြောသည်။

ပုံရွာမြို့နှင့်ရွှေဘိုမြို့တို့တွင် တည်ဆောက်လျက်ရှိသော ပြည်သူ့အဌားအိမ်ရာ စီမံကိန်းတို့တွင် RC ၁၂ ခန်းတွဲ ငါးထပ် အခန်း ၆၀ စီကို ပုံရွာတွင်နှစ်လုံးနှင့်ရွှေဘိုမြို့တွင် နှစ်လုံးတည်ဆောက်နေပြီး အခန်းတစ်ခန်းလျှင် ၃၂၄ စတုရန်းပေကျယ်ဝန်းကြောင်းသိရသည်။

ထို့အပြင် တန်ဖိုးမျှတနန္ဒဝန်အိမ်ရာစီမံကိန်းကို ပုံရွာမြို့ နန္ဒဝန်ရပ်ကွက်မြေ ၁၀ ဧက အကျယ်ပေါ်တွင် ရှစ်ခန်းတွဲ ငါးထပ် အဆောက်အအုံ ၂၂ လုံးကို တည်ဆောက်လျက်ရှိကြောင်းသိရသည်။ အခန်းတစ်ခန်းလျှင် ၅၁၅ စတုရန်းပေ အကျယ်အခန်းများအဖြစ် ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်သလို အခန်းတစ်ခန်းလျှင် အိပ်ခန်းနှစ်ခန်းပါဝင်ပြီး နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစား ဝန်ထမ်းနှင့် အခြေခံလူတန်းစားများနေထိုင်နိုင်ရန်အတွက် ရည်ရွယ်တည် ဆောက်နေခြင်းဖြစ်ကြောင်းသိရသည်။ **မျိုးဝင်းထွန်း (ပုံရွာ)**

အမျိုးသား(အလွတ်တန်း)ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံအမျိုးသား (အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁ နာရီက ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ပထမဆုရရှိသောဇိုင်းတောင်အသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က လည်းကောင်း၊ ဒုတိယဆုရရှိသော ရွှေညီကိုအသင်းအား တိုင်းဒေသကြီး အား/ကာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ကလည်းကောင်း၊ တတိယဆုရရှိသော ဇိုင်းမြောက်အသင်းအား ပဲခူးမြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပဲခူးတိုင်းဒေသကြီး အား/ကာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

○○○

မြန်မာ့လက်မှုအနုပညာပြပွဲနှင့် လက်မှုပစ္စည်းအရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗြိတိသျှကောင်စီမြန်မာ၊ SDC (Swiss Agency for Development and Cooperation)နှင့် New Zero Art Space တို့မှ ပူးပေါင်းကျင်းပသည့် လက်မှုမှသည် အနုပညာဆီသို့ မြန်မာ့လက်မှု အနုပညာပြပွဲနှင့် လက်မှုပစ္စည်း အရောင်းပွဲတော်ကို ရန်ကုန်မြို့ ကန်တော်ကြီးအပန်းဖြေဥယျာဉ်အတွင်းရှိ ကရဝိက်ဥယျာဉ်၌ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ ၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီ မှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပင်မပြခန်းတစ်ခုနှင့် နယ်ပယ်အသီးသီးမှ လက်မှုပညာရှင်များ၏ ဆိုင်ခန်းများ၊ ရန်ကုန်မြို့ရှိ အခြားလက်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ အရောင်းဆိုင်များ၊ ပညာရှင်များ လာရောက်ပြသမည်ဖြစ်ကာ ဆိုင်ခန်း ၅၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် လက်မှုပညာကို ချစ်မြတ်နိုးပြီး စိတ်ပါဝင်စားကြသူများ လာရောက် ကြည့်ရှုနိုင်ကြောင်းနှင့် လွတ်လပ်စွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

လက်မှုအနုပညာ စီမံကိန်းကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ပထမနှစ် စီမံကိန်းကာလနှင့် ၂၀၁၅-၂၀၁၆ ဒုတိယနှစ် စီမံကိန်းကာလတို့ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

(မွန်းဦးနဒီ)

မန္တလေးစက်မှုဇုန် ဗဟိုရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးလုပ်ငန်း မတ်လအတွင်း စတင်ဆောင်ရွက်သွားမည်

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးစက်မှုဇုန်မှထွက်ရှိသည့် ရေဆိုးများပတ်ဝန်းကျင်ထိခိုက်မှုလျှော့နည်းပျောက်စေရန် ရည်ရွယ်၍ မန္တလေးစက်မှုဇုန်ဗဟိုရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ် မတ်လပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"စက်ရုံလုပ်ငန်းရှင်တွေအနေနဲ့ သူတို့အစီအစဉ်နဲ့ ကိုယ်ပိုင်ရေဆိုးသန့်စင်တဲ့လုပ်ငန်းတွေ လုပ်ဆောင်ရမှာပါ။ ဒါပေမယ့်လည်း သူတို့အနေနဲ့ မြေနေရာအခက်အခဲနဲ့ ငွေကြေးအခက်အခဲဖြစ်ပေါ်နေတယ်။ ဒါကြောင့် အခုလိုစုပေါင်းဗဟိုသန့်စင်ကန်ကို လုပ်ဆောင်ရတာပါ။

"စက်မှုဇုန်တွေက ထွက်ရှိတဲ့ရေဆိုးတွေကို စက်ရုံကိုပို့ပြီး စက်ရုံကရေဆိုးတွေကိုလက်ခံပြီး သန့်စင်ပေးမှာပါ" ဟုမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ဗဟိုရေဆိုးသန့်စင်စက်ရုံကို အမရပူရမြို့နယ်ရှိ တောင်အင်းမြောက်အင်းဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်ရေးအပိုင်းတွင် အဆောက်အအုံ တည်ဆောက်ခြင်းအပိုင်းနှင့်စက်ပစ္စည်းများတပ်ဆင်ခြင်းအပိုင်း စသည့် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် မန္တလေးစက်မှုဇုန်ဗဟိုရေဆိုးသန့်စင် စက်ရုံ တည်ဆောက်နိုင်ရန်အတွက် Hydrotek Supreme Mandalay Co.,Ltd.နှင့် ၂၀၁၃ခုနှစ်က နှစ်ဖက်သဘောတူညီမှုရယူခဲ့ပြီးယင်းကုမ္ပဏီအနေဖြင့် စက်ရုံတည်ဆောက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Environmental Management Plan(EMP) အစီအရင်ခံစာရရှိရန်အတွက် Environmental Impact Assessment(EIA) လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်ခြင်းဖြစ်သည်။

မန္တလေးစက်မှုဇုန်ဗဟိုရေဆိုးသန့်စင်စက်ရုံသည် စက်မှုဇုန်မှထွက်ရှိသည့်ရေဆိုးများကို စက်ရုံတွင် စုပေါင်းလက်ခံပြီးသတ်မှတ်သည့် ရေဆိုးပြင်းအားနှင့်ကန့်သတ်ချက်ကျော်လွန်သည်များအား သန့်စင်၍ ရေဆိုးပြင်းအားနှုန်း20mg/lအထိလျှော့ချကာ ဒုဋ္ဌဝတီမြစ်ကြမ်းပြင်အတွင်း စွန့်ပစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန်းကိုယ်ပွား)

ရှင်သန်ဆဲအချစ်များကြားက လီမင်ဟိုနဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုနဲ့ ပေါ့ပ်တေးဂီတအဖွဲ့ "Miss A"မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦး အဖြစ်ပါအောင်မြင်နေတဲ့ ဆူဇီတို့နှစ်ဦးဟာ ကေပေါ့ပ်စုံတွဲတွေထဲမှာ ကျော်ကြားတဲ့ စုံတွဲတစ်တွဲပါ။ သူတို့နှစ်ဦးချစ်သူတွေဖြစ်ခဲ့ကြတာလည်း တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ကြားက ဆက်ဆံရေးဟာ သွေးအေးမသွားဘဲ အချစ်တွေတိုးကာ ပိုမိုခိုင်မာလာခဲ့ကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

လီမင်ဟိုနဲ့ ဆူဇီတို့ဟာ ချစ်သူသက်တမ်းတစ်နှစ်ကျော်ခဲ့ပြီဖြစ်ပေမယ့် သူတို့နှစ်ဦးရဲ့အချစ်ရေးကို ပြီးခဲ့တဲ့စက်တင်ဘာလအတွင်းကမှ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် သူတို့နှစ်ဦး ပြတ်စဲသွားပြီလို့ ကောလာဟလတွေထွက်ခဲ့ပေမယ့် သူတို့နှစ်ဦးက ချစ်သူတွေဖြစ်နေဆဲဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါတယ်။

မကြာသေးမီက လီမင်ဟိုဟာ တောင်ကိုရီးယား-တရုတ်ရုပ်ရှင် "Bounty Hunters"ကို ရိုက်ကူးခဲ့ပြီး လတ်တလောမှာ ပရိသတ်တွေနဲ့ တွေ့ဆုံဖို့ရာ ခရီးတွေထွက်နေခဲ့ပါတယ်။ ဆူဇီကတော့ KBS 2TVရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်မယ့်ရုပ်ရှင် "Uncontrollably Fond"မှာ ပါဝင်ရိုက်ကူးလျက်ရှိကာ ယင်းရုပ်ရှင်ကို လာမည့်ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်သွားနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။

"Transformers" ရုပ်ရှင်သစ်များ ရုံတင်မည့်ရက်ကြေညာ

စက်ရုပ်ကြီးများက အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ထားသော " Transformers " ရုပ်ရှင်ဇာတ်လမ်းတွဲများ၏ ရုပ်ရှင်သစ်သုံးကားကို လာမည့်သုံးနှစ်အတွင်းဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရုပ်ရှင်သစ်တစ်ခုချင်းစီ၏ ရုံတင်ပြသမည့်ရက်များကို ယင်းရုပ်ရှင်များကို ထုတ်လုပ်သည့် ပါရာမောင့်ထ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ပြန်ကြေညာခဲ့သည်ကို အေ့ရှိုးဘစ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

ပါရာမောင့်ထ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လွှင့်မည့် ရုပ်ရှင်သုံးခုအနက် ပဉ္စမမြောက်ရုပ်ရှင်ဖြစ်သော " Transformers 5" ကို ၂၀၁၇ ခုနှစ် ဇွန်လ ၂၃ ရက်တွင်လည်းကောင်း၊ " Transformers 6 "ကို ၂၀၁၈ ခုနှစ် ဇွန်လ ၈ရက်တွင်လည်းကောင်း၊ " Transformers 7" ကို ၂၀၁၉ ခုနှစ် ဇွန်လ ၂၈ ရက်တွင်လည်းကောင်း အသီးသီး ရုံတင်ပြသသွားနိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

" Transformers 5"ရုပ်ရှင် ရိုက်ကူးရေးလုပ်ငန်းများကို ယခုနှစ်ကုန်ပိုင်းတွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ယခင်" Transformers"ရုပ်ရှင်ကား လေးကားစလုံးကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာ မိုက်ကယ်ဘေကပင် တာဝန်ယူရိုက်ကူးပေးသွားမည်ဖြစ်သည်။ ယင်းရုပ်ရှင်တွင် " Transformers: Age of Extinction" တွင်ပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ဆောင်တစ်ဦးဖြစ်သည့် မာ့ခ်ဝါးဘတ်ဂ် ပါဝင်သရုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အေးပြည့်-စုစည်းသည်

ကလေးဆေးရုံသို့ ဒေါ်လာနှစ်သန်းလျှာ်ခံနိုးခဲ့တဲ့ ဂျနီဖာလောရန့်စ်

"Hunger Games" စွန့်စားခန်းရုပ်ရှင်များဖြင့် ဟောလီဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်လာခဲ့တဲ့ အော်စကာဆုရှင် မင်းသမီး ဂျနီဖာလောရန့်စ်က သူ့ရဲ့ဇာတိမြို့ဖြစ်တဲ့ လူဝစ်ဗေးလ်က ကိုစဲရားကလေးဆေးရုံသို့ အမေရိကန်ဒေါ်လာနှစ်သန်း သွားရောက်လျှာ်ခံနိုးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျနီဖာလောရန့်စ်က အဆိုပါလျှာ်ခံနိုးမှုဟာ ယင်းကလေးဆေးရုံမှ နှလုံးရောဂါသည်တွေအတွက် ထာဝရ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်တည်ထောင်တဲ့ သူ့ရဲ့ဖောင်ဒေးရှင်းအတွက် မတည်ထည့်ဝင်လျှာ်ခံနိုးခဲ့ခြင်းဖြစ်ကြောင်း လည်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီးမင်းသမီးကအဆိုပါ ဖောင်ဒေးရှင်းဟာ ရောဂါခံစားနေရတဲ့ ကလေးတွေနဲ့ သူတို့ကိုစောင့်ရှောက်မှုတွေပေးတဲ့သူတွေအတွက် ကူညီထောက်ပံ့ပေးသွားဖို့ ရည်ရွယ်ကြောင်းလည်း ဆိုခဲ့ပါတယ်။ ဂျနီဖာလောရန့်စ်တည်ထောင်တဲ့ အဆိုပါ ဖောင်ဒေးရှင်းက ယင်းကလေးဆေးရုံမှာ နှလုံးရောဂါ လာရောက်ကုသလျက်ရှိတဲ့ ကလေးငယ်တွေရဲ့ မိသားစုတွေအတွက် မိမိကလေးဆေးကုသမှုခံယူနေစဉ် အတောအတွင်း နေထိုင်နိုင်ရန် ခုတင် ၁၄ လုံးကို လျှာ်ခံနိုးခဲ့ပြီးဖြစ်ကြောင်း လည်း သိရပါတယ်။

ဝန်ဘင်းကြောင့် မင်းသမီးဖြစ်လာတာပါလို့ဆိုလာတဲ့ ရှင်ဟိုင်ဆန်း

"ဆောင်းဦးရွက်ကြွေချစ်သက်သေ"ရုပ်သံဇာတ်လမ်းတွဲတွင်"ထယ်စောက်" အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သော မင်းသားဝန်ဘင်းသည် သူ့ကို ယခုကဲ့သို့ သရုပ်ဆောင်တစ်ဦးဖြစ်လာစေရန် အဓိကတွန်းအားပေးခဲ့သည့်အကြောင်း ရင်းတစ်ချက်ဖြစ်ကြောင်း မင်းသမီး ရှင်ဟိုင်ဆန်းက ရုပ်သံအစီအစဉ် တစ်ခုတွင် ပြောကြားခဲ့သည်။

ဆက်လက်ပြီးမင်းသမီးက ဝန်ဘင်းကို ဆောင်းဦးရွက်ကြွေချစ်သက်သေရုပ်ရှင်တွင် စတင်မြင်ဖူးခဲ့ခြင်းဖြစ်ပြီး ထိုအချိန်မှစ၍ စတင်စွဲလမ်းမိခဲ့ကြောင်းဆိုသည်။ ယင်းရုပ်ရှင်ကို ပထမဆုံးကြည့်ခဲ့ချိန်က သူသည်မူလတန်းကျောင်းသူတစ်ဦးအရွယ်သာရှိသေးကြောင်း၊ ဝန်ဘင်းကိုကြိုက်လွန်း၍ ယင်းရုပ်ရှင်ထုတ်လွှင့်ချိန်တွင် ရုပ်မြင်သံကြားရှေ့သို့ မသွားမိအောင်ရှောင်နေကြောင်းနဲ့ ယင်းသို့ရှောင်နေရခြင်းမှာ ဝန်ဘင်းကို ကြိုက်လွန်း၍ သူ၏ မျက်လုံးများကို မကြည့်မိစေရန် ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်ခဲ့ခြင်းဖြစ်ကြောင်း လည်း မင်းသမီးက ဆိုခဲ့သည်။

ထို့ပြင် မင်းသမီးက "တစ်နေ့မှာ ကျွန်မဝန်ဘင်းနဲ့အတူတွဲဖက်ပြီး သရုပ်

ဆောင်ဖို့အခွင့်အရေးရခဲ့မယ်ဆိုရင် တည်တည်ငြိမ်ငြိမ်ဖြစ်စေဖို့ ခုကတည်းက အစီအစဉ်တွေကြိုလုပ်ထားရမယ်။ ကျွန်မကြောင့် သူအခက်အခဲတွေ့ရတာမျိုး မဖြစ်ရအောင်လို့လေ"ဟု ဝန်ဘင်းနှင့်တွဲဖက်သရုပ်ဆောင်ခွင့်ရလိုသည့် သူ၏ မျှော်လင့်ချက်နှင့်ပတ်သက်ပြီး ရင်ဖွင့်ခဲ့သည်။

ရုပ်မြင်သံကြားအစီအစဉ်များ
[၁၄ - ၂ - ၂၀၁၆ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Business News
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ ကဗျာရိပ်မြဲ "အရုပ်စျေး"
- ၁၁း၁၅ ဇီကာပိုင်းရပ်စအကြောင်း သိကောင်းစရာ
- ၁၁း၃၅ ရွှေပြောင်းအလုပ်သမား အစီအစဉ်
- ၁၂း၅၀ ဖြူ/မည်း ရုပ်ရှင် "ရတနာ" (ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ပုလဲဝင်း) (ဒါရိုက်တာ-အိအိခိုင်)
- ၃း၃၅ Business News
- ၃း၄၅ Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံအသင်းနှင့် ဇေယျာရွှေမြေအသင်း)
- ၆း၁၀ ကြိုတင်ပြင်ဆင်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ် (၇၀)ပြည့် အစီအစဉ်
- ၆း၂၀ ဖျော်ဖြေမှုကဏ္ဍများတင်ဆက် ရုပ်ရှင်ဌာနစိတ်ဆောင်ရွက်ချက်
- ၆း၃၀ ချစ်သောပရိုဂျက်ဆာ
- ၇း၁၅ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ် (၇၀) ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်ဇော်ပိုင်၏ ဖျော်ဖြေမှု အစီအစဉ်
- ၇း၃၀ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
- ၈း၀၀ ပြည်တွင်းသတင်းနိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၀ ဆုတောင်းစကား + MRTV Documentary (5+6)
- ၉း၀၀ ပြည်တွင်းသတင်း -လေမှာဝဲပုံမြန်မာ့အသံ -"ရှင်သန်နေမည့် MRTV " (နေဆန်း၊ မြို့တော်ချစ်ဖွယ်၊ တိမ်ညွှန့်၊ ထက်နိုင်၊ သူရဇ၊ ဇောရီဇုစ်၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို)

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -ဝတ်မှုံတေးဂီတ အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁)
- ၆း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ရှိနေတယ်" (ဇေရဲထက်၊ လင်းလက်ဟိန်း၊ မေသက်ခိုင်) (ဒါရိုက်-ကုသိုလ်)
- ၇း၃၀ တေးဂီတအစီအစဉ်
- ၇း၅၀ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း "တတိယခေတ်" (မင်းသမီး-နန်းခင်မွေး၊ လှရွှင်တော် - စံလင်း၊ စပ်ဖြဲ၊ လိပ်မ၊ ဇာတာ)
- ၈း၅၀ "ငွေနန်းသခင် ရာပြည့်အလွန် ၁၀၅" ၉း၄၀ မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ) "မိုးညအိပ်မက်မြူ" (နေတိုး၊ ရဲအောင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိ ဒါန်း၊ မင်္ဂလာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ထိသာထိစေမြိုစေနဲ့" တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇောသရဆရာတော်)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၂)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (MAC CREATIO University College ကျောင်းဖွင့်ပွဲ)
- ၉း၀၀ Weekly Sports Dirary
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၁)
- ၁၀း၅၅ Starတို့ရဲ့လက်ရာ
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၉+၃၀)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" (သေရည်ကို ရွှေရည် မှတ်ပါလို့ (အပိုင်း-၂)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၂)
- ၄း၄၀ ရန်ကုန်မြင်ကွင်းကျယ် (တော်ဝင်စင်တာ(၅)နှစ်ပြည့် အထိမ်းအမှတ်စာအုပ်မိတ်ဆက်ပွဲ နှင့်စွမ်းရည်ပြိုင်ပွဲ)
- ၅း၄၀ Baby On The Way(Myanmar Part-4)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၃)
- ၇း၂၅ Fashion Week
- ၇း၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" (သေရည်ကို ရွှေရည်မှတ်ပါလို့ (အပိုင်း-၃)
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၂)
- ၉း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၃၁+၃၂)
- ၂း၂၅ Weekly Sports Diary
- ၃း၂၀ World of Knowledge (Inside; Sumo Kids)
- ၄း၁၀ တန်ခိုးကြီး ဘုရားစေတီပုထိုးများ (ဖူးမြော်ကြည်ညိုဖွယ်ရာ မမ္ပွီမဒေသရှိ မြတ်စွာဘုရားရှင်နှင့် တန်ခိုးကြီး ဘုရားစေတီပုထိုးများ)

မြဝတီ

- ၆း၀၃ တရားတော်
- ၆း၄၅ မြန်မာသံစဉ်ချိန်းဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြန်ပါလေတော့ဂုက်ခါးလေး
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသခ်ီ အပိုင်း(၃၅)
- ၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ အပိုင်း(၆၈)(ဇာတ်သိမ်း)
- VOAအင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်မက်ရည်သက်သေတည် အပိုင်း(၅)

အားကစား

စံချိန်တင်ဝင်ငွေရှိနေပေမယ့် ကမ္ဘာ့ထိပ်တန်းကစားသမားတွေကို ဆွဲဆောင်နိုင်မှုမရှိတဲ့ မန်ယူ

မန်ယူက ယခုနှစ်ဘောလုံးရာသီမှာ စံချိန်တင်ဝင်ငွေတွေရရှိနေပြီး ကမ္ဘာကျော်ကစားသမားတွေကို ခေါ်ယူဖို့ ကြိုးပမ်းနေပေမယ့် ခက်တာက ဘယ်ကမ္ဘာကျော်ကစားသမားတွေကိုမှ မဆွဲဆောင်နိုင်ဘူးဆိုသလို ဖြစ်နေပါတယ်။ မန်ယူဒု-ဥက္ကဋ္ဌ အက်ဝုဒ်ဝက်ဒ်ရဲ့ ထိပ်တန်းဦးစားပေးကစားသမား ခြောက်ဦးစာရင်းမှာ စီရိုနယ်လ်ဒို၊ နေမာ၊ လီဝမ်ဒေါစကီး၊ မာကိုရူးစ်၊ မူလာ၊ ဂါရတ်ဘေးလ်တို့ ပါဝင်နေကြတဲ့အတွက် လာလီဂါမှ သုံးဦးနဲ့ ဘွန်ဒက်စ်လီဂါမှ သုံးဦးတို့ ပါဝင်နေတယ်ဆိုရမှာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒို့က မန်ယူကနေ ရီးယဲလ်မက်ဒရစ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း၈၀နဲ့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး မန်ယူက အကြိမ်ကြိမ်ပြန်ခေါ်ဖို့ ကြိုးစားနေတာကို လျစ်လျူရှုပြီး ရီးယဲလ်မှာပဲနောက်နှစ်နှစ်အထိ ဆက်ရှိမှာ သေချာတယ်လို့ တုံ့ပြန်ထားသူဖြစ်ပါတယ်။ ဂါရတ်ဘေးလ်ကလည်း ၂၀၁၃ ခုနှစ်မှာ မန်ယူနဲ့ရီးယဲလ်တို့ အပြိုင်ခေါ်ယူနေတဲ့ကြားကပဲ ရီးယဲလ်ကိုသာ ရွေးချယ်ခဲ့သူဖြစ်ပါတယ်။

မူလာနဲ့ လီဝမ်ဒေါစကီးကတော့ ဘိုင်ယန်မြူးနစ်နဲ့ မကြာသေးခင်ကမှ သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုထားခဲ့သူတွေဖြစ်တာကြောင့် မန်ယူကို ပြောင်းရွှေ့ဖို့ အလားအလာမရှိဘူးလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ နေမာကို ပြီးခဲ့တဲ့နွေဈေးကွက်က ခေါ်ယူဖို့ ကြိုးပမ်းခဲ့သေးပေမယ့် အောင်မြင်မှုမရှိခဲ့ပါဘူး။ ဒါ့ကြောင့် ဒီနှစ်မှာ မန်ယူအနေနဲ့ မနှစ်က နွေဈေးကွက်မှာ အန်ထော်နီ မာရှယ်လ်တို့လို လူငယ်ခြေတက်ကစားသမားလေးတွေကို ကြေးကြီးပေးပြီး ခေါ်ယူခဲ့သလိုသာ လူမွေးတဲ့အနေနဲ့ ခေါ်ယူပြီး စိတ်ရှည်ရှည်စောင့်ရမယ့်အနေအထားပါ။

မန်ယူက ကစားသမားတွေရဲ့ လစာပေးချေရမှုမှာလည်း အမြင့်မားဆုံးအသင်းတစ်ခုဖြစ်နေသလို မန်ယူ အသင်းခေါင်းဆောင်ဝိန်းရွန်းနီဆိုရင် လုပ်ခလစာ တစ်ပတ်ပေါင် ၃၀၀၀၀ အထိ ရရှိနေသူဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းက ဘာကြောင့် ဒီလောက်အများကြီး လုပ်ခတွေ ပေးချေနေရသလဲဆိုတော့ ရွန်းနီကြောင့် ရရှိလာတဲ့ စီးပွားဖြစ်ပုံရိပ်အသုံးပြုခရယ်၊ အခြားစပွန်ဆာကြေးတွေကြောင့် ဖြစ်ပါတယ်။

မန်ယူက စီရိုနယ်လ်ဒို့ရှိစဉ်က လူမှုမီဒီယာတွေမှာ ပရိသတ်အင်အား ၆၅၉သန်းရှိခဲ့ရာက အခုဆို ၁၁၆ သန်းလောက်အထိ ကျဆင်းသွားခဲ့ပါတယ်။ စီရိုနယ်လ်ဒို့၊ မက်ဆီ၊ ဂါရတ်ဘေးလ်တို့လို နာမည်ကျော်ကစားသမားတွေကိုသာ ခေါ်ယူနိုင်ရင် မန်ယူအနေနဲ့ ဒီကစားသမားတွေရဲ့ ပုံရိပ်လွှာအသုံးပြုဝင်ငွေ မြှောက်မြားစွာ တိုးတက်ရရှိလာနိုင်တာကြောင့် အရခေါ်ယူနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒါပေမယ့် ဖာဂူဆန်နောက်ပိုင်း အဓိကဖလားတစ်လုံးမှ ရယူနိုင်ခြင်းမရှိတဲ့မန်ယူကို ဘယ်နာမည်ကျော်ကစားသမားကမှ လာဖို့စိတ်ကူးမရှိတာကြောင့် မန်ယူဟာ "ရေသာများပြီး ငါးမတွေ့" ဆိုသလို ငွေသာရှိပြီး နာမည်ကျော်ကစားသမားတွေကို ခေါ်ယူလို့မရတဲ့ အသင်းအဖြစ်သာ ရှိနေတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

အာဆင်နယ်နှင့် လက်စတာပရိသတ်များ၏ ဆန့်ကျင်မှုပြုမည့် အစီအစဉ်အား ပယ်ဖျက်ရန် အာစင်ဝင်းဂါး တောင်းဆို

ဖေဖော်ဝါရီ ၁၄ ရက် (ယနေ့)တွင် ယှဉ်ပြိုင်မည့် အာဆင်နယ်နှင့် လက်စတာအသင်းတို့၏ ပွဲစဉ်တွင် နှစ်ဖက်အသင်းပရိသတ်များ ဆန့်ကျင်မှုပြုမည့်အစီအစဉ်ကို ဖျက်သိမ်းပြီး အေးအေးသက်သာဖြင့်သာ ပွဲစဉ်ကို လာရောက်ကြည့်ရှုသင့်ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက အကြံပြုလိုက်သည်။ ယင်းပွဲစဉ်ကို ယခင် ဖေဖော်ဝါရီ ၁၅ ရက် (တနလာ်နေ့) တွင် ကစားရမည်ဟု အချိန်ဇယားသတ်မှတ်ထားပြီးသော်လည်း ရုပ်သံကြည့်ရှုသူများ အဆင်ပြေရန် ဖေဖော်ဝါရီ ၁၄ ရက်သို့ ပြောင်းလဲကစားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ အချိန်ပြောင်းလဲသတ်မှတ်ခြင်းအပေါ် မကျေနပ်သဖြင့် လက်စတာပရိသတ်များက ယင်းပွဲစဉ်စပြီး ငါးမိနစ်အကြာမှသာ ကွင်းအတွင်းသို့ ဝင်ရောက်ခြင်းနည်းကို အသုံးပြုကာ ဆန့်ကျင်မှုပြုရန် ရည်ရွယ်ထားသည်။

အာဆင်နယ်ပရိသတ်များကလည်း လက်စတာပရိသတ်များကို တုံ့ပြန်သည့် အနေဖြင့် လက်စတာပရိသတ်များ ကွင်းအတွင်းသို့ နောက်ကျပြီးမှ ဝင်ရောက်လာချိန်တွင် လက်ခုပ်လက်ဝါးတီးကာ ပြန်လည်လှောင်ပြောင်မှုပြုရန် စီစဉ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အာစင်ဝင်းဂါးက ပရိသတ်အားလုံးငြိမ်းငြိမ်းချမ်းချမ်းဖြင့်ပင် ပွဲကိုအချိန်မီလာရောက်ကြည့်ရှုအားပေးကြစေလိုကြောင်း၊ ပရိသတ်များအနေဖြင့် ပျော်ရွှင်ချင်၍သာ ဘောလုံးပွဲကို လာရောက်အားပေးကြည့်ရှုကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖျက်လိုဖျက်ဆီးအပြုအမူများဖြင့် ပွဲ၏အနှစ်သာရကို မဖျက်ဆီးစေလိုကြောင်း ဆိုလိုက်သည်။

လက်စတာ ပရိသတ်များက ရုပ်သံကြည့်ရှုသူများ ပိုမိုအဆင်ပြေစေရန် အစီအစဉ်ပြောင်းလဲလိုက်ခြင်းက အဝေးကွင်းသို့ လိုက်ပါကြည့်ရှုရသည့်သူများ စာရင်းသွင်းပြီးသား(ဘွတ်ကင်)ခရီးသွားလက်မှတ်နှင့် နေရေးထိုင်ရေး ကုန်ကျစရိတ်တို့ ပိုမိုကျခံခဲ့ရသည်များရှိသဖြင့် မကျေမနပ်ဖြစ်နေကြခြင်းဖြစ်သည်။ ပရီမီယာလီဂ်အသင်းများသည် ရုပ်သံထုတ်လွှင့်ကြေးများ ပိုမိုရရှိလာနေသော်လည်း လာမည့်ဘောလုံးရာသီတွင် ပွဲဝင်ကြေးလက်မှတ်များကို ပိုမိုတိုးမြင့်ရန် ကြိုးပမ်းနေရာ အမာခံပရိသတ်၏ ဒေါသကို ပိုမိုဆွပေးရာရောက်စေသည်။ အာဆင်နယ်၊ မန်ယူ၊ ဆွမ်ဆီးစသည့်အသင်းများက နောက်နှစ်ဘောလုံးရာသီ လက်မှတ်များကို စျေးလျှော့ပေးမည်ဟု ထုတ်ပြန်ကြေညာထားသော်လည်း ကျန်ပရီမီယာလီဂ်ကလပ်အသင်း တစ်ဝက်ကျော်က လက်မှတ်တစ်စောင်လျှင် အမြင့်ဆုံးစျေးနှုန်း ပေါင် ၇၇ ပေါင်အထိသတ်မှတ်မှုကို ပယ်ဖျက်မည့်အစီအစဉ် မရှိကြသေးကြောင်း သိရသည်။ သို့သော် ဝင်းဂါးက လက်မှတ်စျေးနှုန်းမြင့်တက်လာခြင်းက ကစားသမားကောင်းများဝယ်ယူနိုင်ရန် အထောက်အပံ့ပြုနိုင်မည်ဖြစ်သောကြောင့် အစီအစဉ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း ကာကွယ်ပြောစကားဆိုလိုက်သည်။

မန်စီးတီးအသင်းအား ရဲရဲရင့်ရင့် ရင်ဆိုင်ရန် စပါးနည်းပြပိုချက်တီနိုတိုက်တွန်း

စပါးနည်းပြ ပိုချက်တီနိုက စပါးကစားသမားများအနေဖြင့် မန်စီးတီးအသင်းအားရင်ဆိုင်ရာတွင် ခြေသော့ ၏စိတ်ဓာတ်ဖြင့် ရဲရဲရင့်ရင့် ရင်ဆိုင်ကစားသင့်ကြောင်း တိုက်တွန်းထားသည်။ စပါးအသင်းသည် ၁၉၆၁ ခုနှစ်ကတည်းက မည်သည့်ချန်ပီယံဖလားမှ ဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဇယားထိပ်မှ လက်စတာအောက် ငါးမှတ်လျှော့အနေအထားဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်နေသည်။

စပါးအသင်းသည် ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ယှဉ်ပြိုင်ခဲ့သော မန်စီးတီးနှင့် ပွဲစဉ်တွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ဖေဖော်ဝါရီ ၁၄ ရက်(ယနေ့)တွင် ကစားမည့်ပွဲစဉ်တွင်ပါ ထပ်မံအနိုင်ရရှိခဲ့လျှင် မန်စီးတီးအား လေးမှတ်အထိ ဖြတ်ထားနိုင်မည်ဖြစ်သည်။

ပိုချက်တီနိုက "ဒီပွဲစဉ်က ကြီးမားတဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ရမယ့် ပွဲစဉ်ပါ။ ကျွန်တော်တို့ဟာ ခြေသော့်တွေလို ရဲရဲရင့်ရင့် ရင်ဆိုင်သွားဖို့ ကြိုးပမ်းရမှာပါ။ နည်းဗျူဟာပိုင်းပြောင်းလဲမှုတွေ ပြုလုပ်ပြီး ရင်ဆိုင်သွားမှာလည်း ဖြစ်ပါတယ်။ ဒီရလဒ်က အမှတ်ပေးဇယားအပြောင်းအလဲကိုပါ ဖြစ်စေနိုင်တဲ့အထိ အရေးပါပါတယ်"ဟု ရှင်းလင်းပြောကြားလိုက်သည်။

ဝက်ဖို့ဒ်နည်းပြ ဖလောရက်စ်ကမူ စပါးမှာ ပြိုင်ဘက်အသင်းသားများကို ကြောက်ရွံ့မှုမရှိဘဲ တိုက်စစ်ဖွင့်ကစားနေသောကြောင့် ရလဒ်ပိုင်းကောင်းမွန်နေခြင်းဖြစ်သည်ဟု ချီးကျူးစကားဆိုလိုက်သည်။ ဖေဖော်ဝါရီ ၁၄ ရက်မှာပင် ဇယားထိပ်မှ လက်စတာနှင့် တတိယနေရာရှိ အာဆင်နယ်တို့၏ ထိပ်တိုက်တွေ့ဆုံရမည့် ပွဲစဉ်လည်း ရှိနေရာ ဇယားထိပ်ဆုံးလေးသင်း၏ ထိပ်တိုက်တွေ့ဆုံမှုကို ပရိသတ်များ အနေဖြင့် ရှုစားရတော့မည် ဖြစ်သည်။

ဖေဖော်ဝါရီ ၁၄/၁၅ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

ပရီမီယာလီဂ် (ပွဲစဉ်-၂၆)

အာဆင်နယ်	- လက်စတာ	ည-၆း၃၀
ဗီလာ	- လီဗာပူး	ည-၈း၃၅
မန်စီးတီး	- စပါး	ည-၁၀း၄၅

စီးရီးအေ (ပွဲစဉ်-၂၅)

အေစီမီလန်	- ဂျီနိုအာ	ည-၆း၀၀
ဆမ်ဒိုးရီးယား	- အတ္တလန္တာ	ည-၈း၃၀
အူဒီးနီးစ်	- ဘိုလော့နာ	ည-၈း၃၀
ပါလာမို	- တိုရိနို	ည-၈း၃၀
ဖီအိုရင်တီးနား	- အင်တာမီလန်	နံနက်-၂း၁၅

လာလီဂါ (ပွဲစဉ်-၂၄)

ဆိုစီဒက်	- ဂရာနာဒါ	ညနေ-၅း၃၀
ဆီဗီလာ	- လက်စ်ပါးမက်စ်	ည-၉း၃၀
အီဘား	- လီဗန်တေး	ည-၁၁း၄၅
ဂီတာဖေ	- အက်သလက်	ည-၁၁း၄၅
ဘာစီလိုနာ	- ဆယ်လ်တာဗီဂို	နံနက်-၂း၀၀

ဘွန်ဒက်စ်လီဂါ (ပွဲစဉ်-၂၁)

ဟမ်းဘတ်	- ဂလက်ဘတ်	ည-၉း၀၀
အော့စ်ဘတ်	- ဘိုင်ယန်မြူးနစ်	ည-၁၁း၀၀

ပြင်သစ် လီဂူး (ပွဲစဉ်-၂၆)

လိုင်ယွန်	- ကာအန်	ည-၇း၃၀
စိန့်အက်တီယန်	- မိုနာကို	ည-၁၀း၃၀
နိုက်စ်	- မာဆေး	နံနက်-၂း၃၀

မောင်မောင်ဇော်

ဘဏ္ဍာရေးအင်အားတောင့်တင်းမှုကြောင့် ကမ္ဘာ့ထိပ်တန်းကစားသမားများရဲ့နားခိုရာဖြစ်လာနိုင်တဲ့ တရုတ်ရူပါလီဂ်

တရုတ်ရူပါလီဂ်က ကမ္ဘာကျော်ကစားသမားတွေကို ငွေကြေးအမြောက်အမြားလစာပေးချေပြီး ကမ်းလှမ်းကာ ရူပါလီဂ်ကို လာလီဂါ၊ ပရီမီယာလီဂ်တို့လို ကမ္ဘာတစ်ဝန်း ပရိသတ်တွေရဲ့ အာရုံကိုဆွဲဆောင်ဖို့ ကြိုးပမ်းနေပြီဖြစ်ပါတယ်။ မကြာသေးမီကပဲ ချယ်လ်ဆီးကွင်းလယ်ကစားသမား ရာမီရက်ဇ်၊ အက်သလက်ကွင်းလယ်လူ ဂျက်ဆန်မာတီ နက်ဇ်၊ ဒမ်ဘာဘာ၊ ပေါ်လင်ဟို၊ ဂျာဗင်ညို၊ ဖရက်ဒီဂွါရီယက်စ်၊ တက်ရှီးယားတို့ကို ခေါ်ယူပြီးနောက်မှာ ဖယ်လ်ကာအို၊ ပါယက်တို့ကို ခေါ်ယူဖို့ပြင်ဆင်နေပါတယ်။

ရှန်ဟိုင်း အက်စ်အိုင်ပီဂျီအသင်းနည်းပြ ဆာဗင်ဝိုအဲခရစ်ဆင်ကတော့ ရူပါလီဂ်ဟာ ကစားသမားခေါ်ယူမှုအပိုင်းမှာ အခုထက် ပိုမိုအလားအလာကောင်းလာဦးမှာဖြစ်သလို မကြာမီအချိန်အတွင်း မက်ဆီ၊ စီရိုနယ်လ်ဒို့နဲ့ ရွန်းနီတို့ကိုပါ ခေါ်ယူနိုင်လိမ့်မယ်လို့ ဟောကိန်းထုတ်ထားပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးကတောင် တရုတ်နိုင်ငံရဲ့ ဘဏ္ဍာရေးအင်အားတောင့်တင်းလာမှုက တခြားနယ်ပယ်တွေကို စွမ်းအားပြည့်အောင်ဖြည့်ဆည်းပေးနိုင်ပြီးနောက်မှာ ကမ္ဘာ ကြိုက် အားကစားနည်းဖြစ်တဲ့ ဘောလုံးလောကဆီကို ဦးတည်လာခဲ့ပြီဖြစ်တာကြောင့် ကမ္ဘာ့ထိပ်တန်းကလပ်အသင်းတွေအနေနဲ့ သူတို့ရဲ့ ကစားသမားကောင်းတွေကို ဆုံးရှုံးဖို့ စိုးရိမ်နေရတဲ့ အနေအထားပါလို့ ဝန်ခံပြောကြားထားပါတယ်။

အခုဆို တရုတ်ရူပါလီဂ်ရဲ့ ငွေကြေးဆွဲဝင်အားကြောင့် ကမ္ဘာ့ထိပ်တန်းနည်းပြစာရင်းဝင် အဲခရစ်ဆင်၊ စကိုလာရီ၊ လစ်ဗီတို့ဟာ ဒီလိဂ်မှာ ကျင်လည်နေပြီး ဂွါဒီယိုလာတောင် ရူပါလီဂ်ကိုသွားတော့ မယ်လို့ သတင်းထွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ကာယကံရှင်ကတော့ အနာဂတ် မှာ ဘာဖြစ်မလဲဆိုတာ သေချာတိတိကျကျကြီး မပြောနိုင်သေးပေမယ့် လောလောဆယ်မှာတော့ ဒါမျိုးဖြစ်လာစရာ အကြောင်းမရှိဘူးလို့ တုံ့ပြန်ထားခဲ့ပါတယ်။

ရူပါလီဂ်မှာ အရင်ကတော့ အနယ်လ်ကာ၊ ကန်နာဗားရိုး၊ ဒရော့ဘာတို့လို ဥရောပရဲ့ ခြေကျစပြုလာတဲ့ ကစားသမားတွေကို ခေါ်ယူပြီး ပရိသတ်အင်အားတိုးပွားဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါပေမယ့် သူတို့မှန်းသလောက် ခရီးမတွင်ခဲ့တာကြောင့် အခုတော့ ဥရောပမှာ လက်ရှိခြေစွမ်းထက် ကစားသမားတွေကို ကြေးကြီးပေးပြီး ခေါ်ယူပြခဲ့ပါတယ်။ ဒါကြောင့် နောင်ဆိုကမ္ဘာ့ဘောလုံးအကျော်အမော်တွေဖြစ်တဲ့ စီရိုနယ်လ်ဒို့၊ မက်ဆီတို့ကိုတောင် ခေါ်ယူပြမယ်လို့ ဆိုထားတာကြောင့် ရူပါလီဂ်က လာလီဂါလို ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းကစားသမားတွေ နားခိုရာလီဂ်တစ်ခု ဖြစ်လာတော့မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

ရွှိုင်ယန်ဟေဒင်-ရေးသားသည်

ကွတ်ခိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိ

မူဆယ် ဖေဖော်ဝါရီ ၁၃

မူးယစ်တင်ပို့ဖွဲ့စု (၂၂) မူဆယ်-ကွတ်ခိုင် လှုပ်ရှားအဖွဲ့မှ ရဲအုပ်ဇော်မင်းသိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက်မွန်းတည့် ၁၂ နာရီက သက်သေများနှင့်အတူ ကွတ်ခိုင်-မူဆယ်သွားလမ်း ကွတ်ခိုင်မြို့အထွက် အော်ရီရန်တယ်တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် နမ်းဖက်ကာဘက်မှ ဗျာလူးနှင့် ချွမ်ဆာမောင်းနှင်လာသော YinXing 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် တရားမဝင်သယ်ဆောင်သူ ဗျာလူးနှင့် ချွမ်ဆာအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆရာမောင်(မူဆယ်)

ရေတာရှည်မြို့အဝင်တွင် ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

ရေတာရှည် ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက်အဝင် ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၅ နာရီက ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့နှင့် ညောင်ပင်သာကျေးရွာအကြား ကားလမ်းမိုင်တိုင်အမှတ် ၁၉၄/၄ တည့်တည့်တွင် တောင်မှမြောက်သို့ ကျော်လင်းထွန်း(၂၃)နှစ် ကျွန်းကြီးကျေးရွာ ဇလွန်မြို့နယ်နေသူမောင်းနှင်လာသော 6H/-------နီဆန်း(၁၈)ဘီးယာဉ်သည် အခင်းဖြစ်နေရာ၌ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဇော်မြင့်ဦး(၂၁)နှစ် နန့်ဆန်မြို့နေသူ မောင်းနှင်လာသော 3H/------ဖူဆိုကုန်တင်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းများ ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ၎င်းတို့အား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

ကိုလွင်(ဆွာ)

ရောဝတီမြစ်အတွင်း ရေဆင်းချိုးရာမှ ကျောင်းသားသုံးဦးရေနစ်သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအနီး ရောဝတီမြစ်အတွင်း ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကျောင်းသား သုံးဦး ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်မြို့အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသားများဖြစ်ကြသည့် ပြည်မြို့ ရွာဘဲရပ်ကွက် ပွင့်လှသိမ်ကုန်းရပ်နေ ဇင်မင်းခန့် (၁၆)နှစ်၊ တစ်ရပ်တည်းနေ ငြိမ်းချမ်းအောင်(၁၅)နှစ်၊ ညီညီဇော်(၁၄)နှစ်နှင့် ထွန်းထွန်းလင်း(၁၄)နှစ်တို့ လေးဦးသည် ပြည်မြို့ ဆင်စုရပ်ကွက် နဝေးတံတားအနီးရှိ ရောဝတီမြစ်သဲသောင်ပြင်တွင် ဘောလုံးကစားပြီး မွန်းလွဲ ၂ နာရီခန့်တွင် ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာအနီးရှိ ရောဝတီမြစ်အတွင်းသို့ ရေဆင်းချိုးစဉ် ဇင်မင်းခန့်မှာ ရေနစ်ပျောက်ဆုံးသွားသဖြင့် ငြိမ်းချမ်းအောင်နှင့် ထွန်းထွန်းလင်းတို့မှ လိုက်လံဆယ်ယူရာ ၎င်းတို့နှစ်ဦးပါ ထပ်မံရေနစ်ပျောက်ဆုံးသွားကြောင်းသိရသဖြင့် အနီးဝန်းကျင်ရှိ ပြည်သူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းရှာဖွေခဲ့ရာ ရေနစ်သေဆုံးနေသည့် ငြိမ်းချမ်းအောင်၊ ဇင်မင်းခန့်နှင့် ထွန်းထွန်းလင်းတို့၏အလောင်းအား ဆယ်ယူရရှိခဲ့သဖြင့် ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲမြန်ကြား)

ပါဝင်လှုံ့ဆါန်းနိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မော်တီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင် သိပ္ပာလယယမင်ကြင်းကုန်း တောရတရားမိုင်သာကို မည်သည့်နည်းနှင့်မဆို ရာသက်ပန်တရားအားထုတ်လိုသော ရဟန်းရွှင်လူ သူတော်စင်များအတွက် တည်ဆောက်နေပြီးဖြစ်ပါသောကြောင့် ဒကာကာပါအလှူများကို လှုခါန်းနိုင်ပါကြ၊

(၁) စုပေါင်းတရားထိုင်ရန် သိပ္ပာလယယမ္မသာလာမ္မောရဲ့ ပေ (၁၀၀×၅၀) နံရံတစ်နေး ၉ သိန်း၊ မျှတ်နှုတ်ကြက် ၁၀ သိန်း၊ တိုင်တစ်လုံး ၈ သိန်း၊ ဝရန်တာ ၅ သိန်း၊ လေ့ကား ၁၅ သိန်း (၂) သံယာတော်များကျောင်းဆောင် ပေ (၅၀×၅၀) ရေမျိုးခန်း၊ ကုန်ကြမ်းအပါအဝင် သိန်း ၁၀၀၊ (၃) ယောဂီအမျိုးသား၊ အမျိုးသမီး ၈ ယောက်ဆောင် ပေ (၁၅×၃၀) ရေမျိုးခန်း၊ အိမ်သာအပါအဝင် သိန်း ၁၀၀၊ (၄) ယောဂီအမျိုးသား၊ အမျိုးသမီး တစ်ယောက်ဆောင် ပေ (၁၅×၃၀) ပေ၊ ရေမျိုးခန်း၊ အိမ်သာအပါအဝင် သိန်း ၃၀၊ (၅) ရေကန်ထေး ၈ သောင်း၊ (၆) မဟာရံအုတ်တံတိုင်း ၈ သောင်း၊ (၇) အလင်းမီးတိုင်၊ ဆွမ်းစားဆောင် ပေ (၈၀×၄၀) စုပေါင်းအလှူနံရံတစ်နေး ၅ သိန်း၊ တိုင်တစ်လုံး ၅ သိန်း၊ မျက်နှာကြက် ၅ သိန်း၊ ဆေးရုံ ပေ (၅၀×၃၀) သိန်း ၃၀၀၊ ပိဋ္ဌကတ်တိုက် ပေ (၃၀×၂၅) သိန်း ၂၀၀။

ဆက်သွယ်လှုံ့ဆါန်းလိုပါလျှင်
ဘဒ္ဒန္တကြွေနွားဆာသာ (Eindobatha, Thipalaya, Monastery)
သိပ္ပာလယယမရိယတ္တိစာသင်တိုက်နှင့် တောရရိပ်သာ
အမှတ် (၁၄/၂) ရပ်ကွက်၊ ဟာသ်လမ်း၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၂၅၄၀၆၈၁၉၄၊ ၀၉ ၃ ၂၈၃၈၉၆၈

အများပြည်သူသိရှိစေရန်ကြေညာခြင်း

ကျွန်ပ်၏မိတ်ဆွေ ဦးသိန်းဇော်မင်း(၁/မတန(နိုင်)၀၅၉၉၁၂) မရီလာခုံမြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရီလာခုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၉/က) တွင် ခေါ်တွင်သော မြမြကွက်နှင့် ယင်းမြမြကွက်ပေါ်ရှိ နေအိပ်အဆောက်အတုံ့အပါအဝင် အကန့်အခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မိဘများဖြစ်သည့် (ဦးမောင်မောင်အေး)နှင့် (ဒေါ်ခင်ဝင်း) ကွယ်လွန်တို့မှ ပိုင်ဆိုင်ခဲ့ကြပြီး မိဘများကွယ်လွန်သွားပြီးနောက် သား/သမီး အရင်းအနှာများ ဖြစ်ကြသည့် ဒေါ်အေးအေးဝင်း ဦးသိန်းဇော်မင်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်ပဝင်းတို့ မောင်နမ(၄)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။

အထက်အပိုဝ်တွင် ဖော်ပြပါရှိသော အိမ်မြေမြေအကန့်အခံစားခွင့်အရပ်ရပ်ကို ကျွန်ပ်မိတ်ဆွေ မသိရှိသော ဆောင်ချွေခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ လွှဲပြောင်းခြင်း၊ ငေးတမ်းခြင်း လျှခါန်ခြင်း အခြားတစ်နည်းနည်းဖြင့် မြေပြင်ပြင်ဆင်ဆောင်ရွက်ခြင်းများ မပြုလုပ်ရန် သတိပေးထားပြစ်ကြောင်းအပ်ပါသည်။ ထားမြစ်ချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသည်မှာမှန်ကန်ပါသည်၊
ဦးသိန်းဇော်မင်း

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နွယ်နွယ်ထွေး
တရားလွတ်တော်ရှေ့နေ(စဉ်-စဝ၃၅)
LL.B,D.B.L,Dip in Eng
အမှတ်(၅)၊ (၁)လမ်း၊ အိမ်မြေ(၁၀၀)
ပလရရပ်ကွက်၊ မရီလာခုံမြို့နယ်

7Stars (ရာထူးဝင်သင်တန်းကြီး)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေါ်ယူသော

☆ **အင်ယင်တန်းစာရေး**
☆ **၃-လ/ထ ကွန်ပျူတာစီစစ်ရေးမှူး**
☆ **အင်ယင်တန်းလက်ခွဲပ်စက်ရှိက်ရာထူး**

အပြည့်မဲ့ဆုံးမှတ်ဒုများကို ရောင်းချပေးနေပါပြီ။ နယ်ဘိုး ပြုပေးသည် ။

တိုက်(18 / 38)၊ သမ္ဗန္ဓပြိုကွန်ရိုး(၁)၊ ဦးတွန်းလင်ဦးလမ်း၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
09.789107733, 09.799860155, 09421052736, 09.780080052

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(၁)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၂/A)တွင် နေထိုင်သူ ဒေါ်ခင်အေးသက်(၁၂/တမန(နိုင်)၀၄၅၆၉၀) (သ) ဦးဖေသက် (မိ)ဒေါ်ခင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေကြီး(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄(E)၊ မြေကွက်အမှတ်-၂၃၁/B၊ အလားအလာ/၃၅×အနှံ၆၆/၆၅၊ ဧရိယာ(၀. ၀၆၀)စက နှစ်(၆၀)မြေငှားဂေဟာနေရာ၊ စာချုပ်ရအမည်ပေါက်မှားဖြစ်သူ ဦးဖေသက်နှင့်ဒေါ်ခင်မြင့်တို့၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးဖြစ်ကြသော ကျွန်ပ်၏အမှုသည် ဒေါ်ခင်အေးသက်နှင့် ဦးကျော်မင်းတို့သည် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့တိုင် အထက်ပါမြေကွက်တွင် နေထိုင်အကျိုးခံစားခွင့်ရှိသူများ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ အထက်ပါဂေဟာနေရာ၊ မြေကွက်နှင့်ပတ်သက်၍ ဒေါ်ခင်အေးသက်နှင့် ဦးကျော်မင်းတို့အား အသိပေးအကြောင်းကြားခြင်းမရှိဘဲ တစ်စိတ်တစ်ဒေသတိုဖြစ်စေ၊ မြေကွက်တစ်ခုလုံးကို ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငြားနည်း အသုံးပြုခြင်းများမပြုပါရန်နှင့် ပြုလုပ်ခဲ့ပါက မြေရှင်နှစ်နာမှုများအားလုံးတို့ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်အေးသက်
၀၉-၅၀၆၁၇၅၈
၀၉-၇၉၈၄၁၃၃၃၉

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဗိုးဇာမြင့်ဦး(L.L.B) **ဒေါ်ဆီမွန်ခဲ(L.L.B)**
(စဉ်-၄၀၁၃၈) **(စဉ်-၄၀၂၅၈)**
အထက်တန်းရှေ့နေများ
အမှတ်(၃)၊ (၃၄)လမ်း၊ တောကတ်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၀၀၅၂၆၈၀၉၊ ၀၉-၇၈၄၈၄၃၃၅

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သင်္ကန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆/ခ၊ ဧရိယာ(၀. ၀၁၆)စက အကျယ်အဝန်းရှိမြေပြင်ပေါ် လ/နဂ(ခ)ရပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၄/၂၅၉ လေးထောင့်တန်းလမ်း၊ ၈/မြောက်ရပ်ကွက်၊ သင်္ကန်းကျွန်းမြို့နယ် ဟုခေါ်တွင်သော သစ်သားအုတ်ညှပ်(၂)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဦးမောင်မောင်ဝင်း(၁၂/တတတ(နိုင်)၀၁၆၆၁၈)က အမည်ပေါက်ပိုင်ရှင် ဒေါ်သီတာ(၁၂/သယက(နိုင်)၁၅၄၂၄၈)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၂၀၇၄/၁၄ခုနှင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ် ထားရှိခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်မောင်ဝင်းအည်ပြောင်းလျှောက်ထားခဲ့ရာ၌ ဦးသိန်းထွန်း(၁/မဂ(နိုင်)၁၃၂၆၅၅)နှင့် ဒေါ်ခင်ဌေးဆို(၁/မဂ(နိုင်)၀၃၂၂၂၇)တို့က ဒေါ်သီတာပါ(၃)ဦးဖေါ် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမူအမှတ်-၃၁၆/၂၀၁၃ခုဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုထားကြောင်း ဖြင့် တင်ပြကန့်လန့်မှုအပေါ် ဦးမောင်မောင်ဝင်းနှင့်ဦးသိန်းထွန်းပါ-၄ဦးတို့ ၇-၂-၂၀၁၆ ရက်နဲ့ပါ နှစ်ဖက်သဘောတူကတိစာချုပ်ချုပ်ဆိုညှိနှိုင်းပြေလည်ပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ ၇-၂-၂၀၁၆ရက် စာချုပ်ပါသဘောတူညီမှုက်အရ ဦးသိန်းထွန်းနှင့် ဒေါ်ခင်ဌေးဆို(တို့က တရားလိုပြုလုပ်၍ ဒေါ်သီတာ ပါ(၃)ဦးအပေါ် စွဲဆိုထားသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမူအမှတ်-၃၁၆/ ၂၀၁၃ခုတို့ပြင်ဆင်မရှိ ရှင်သိမ်းပေးရန်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းထွန်းတင်သွင်းထားသော ကန့်လွှတ်သွားအား ရုပ်သိမ်းပေးရန် သဘောတူညီထားကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင်(စဉ်-၅၇၃၃) **ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃)** **ဒေါ်လှဝင်း(စဉ်-၃၉၈၈)**
ဒေါ်လွင်မာ(စဉ်-၈၉၀၉) **ဒေါ်သန္ဓာမော်(စဉ်-၃၉၂၄)** **ဒေါ်ဆွန်ထက်(စဉ်-၄၀၆၀)**
တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေများ**
အမှတ်-၅၅၊ (ဒုတိယထပ်)၊ အခန်း-၇၊
ပထာဝန္တလေးနန်းမြေလမ်း၊
တောကတ်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၃၄၄၊ ၀၉-၃၃ ၀ ၀ ၀ ၅ ၂ ၈

သိန်းသန်းဆင့်(၁)အမည်ရှိ ငါးဖမ်းလေ့နှင့်ပတ်သက်၍ အသိပေးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီအိမ်ရာ အမှတ်(၁)၊ အခန်း(၆၀၂)နေ ကျွန်မ ဒေါ်ကြည်သိန်းပိုင်ဆိုင်သော သိန်းသန်းဆင့်(၁) (ON-5072)အမည်ရှိ ငါးသယ်လေ့သည် လေ့စာရေးဖြစ်သူ ဦးခွစ်လေး(၁၂/သယက(နိုင်)၁ ၂၀၀၁၉)မှ ကျွန်မ မသိအောင် တစ်စုံတစ်ဦးအား လွှဲခဲ့သောတစ်နှစ်ကျော်ခန့်က ရောင်းချခဲ့ကြောင်း ခုစမ်းရေပါသည်။ ယခုအခါ ရေကြောင်းပြောင်းရွှေ့ကျွန်ကြားမှုဦးစီးဌာနမှ ၂၅-၁-၂၀၁၆ ရက်တွင် တရားဝင်စာဖြင့် (L.S.A)သက်တမ်းတိုးရန် ကျွန်မထံ အကြောင်းကြားလာပါသည်။ သို့ဖြစ်ပါ၍ လေ့နှင့် လေ့ဝန်း ယက်ခံထားသူမှ (၁၅)ရက်အတွင်း ကျွန်မထံ အမြန်ဆုံးဆက်သွယ်ပြီး ပြန်အပ်ရန်နှင့် သတိမှတ်ရက်ကျော်လွန်ပါက တရားဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြည်သိန်း(၆/ဆရခ(နိုင်)၀၅၅၀၂၇)
အမှတ် (၁)၊ အခန်း(၆၀၂)၊ ပညာဝတီအိမ်ရာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၈၇၂၅၉၃၄

အမြင့်တင်စိမ့်စမ်းရေပေးဝေရေးလုပ်ငန်း နမ့်တင်ကျေးရွာ၌ဖွင့်

လင်းခေး ဖေဖော်ဝါရီ ၁၃

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော နောင်လုံကျေးရွာအုပ်စု နမ့်တင်ကျေးရွာ(အမြင့်တင်) စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် လင်းခေးမြို့ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်နှင့် မြို့နယ်ဦးစီးမှူး ဦးစိုင်းအုန်းမောင်တို့က ကျေးလက်ဌာနသည် ကျေးလက်နေ ပြည်သူများအတွက် အဓိကလိုအပ်နေသော ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေးစသော လုပ်ငန်းများကို မေတ္တာစေတနာဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ရေစကြိုမြို့နယ်တွင်နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ရေစကြို ဖေဖော်ဝါရီ ၁၃

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းသို့ ကွင်းဆင်း၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ပြသခြင်း၊ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများသိရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အသိပညာဗဟုသုတများတိုးပွားရရှိ၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် တက်ရောက်သင်ကြားနေကြသော သင်တန်းသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းနည်းပြဆရာမများ လေ့လာကြည့်ရှုခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျေးလက်ကျန်းမာရေးဆေးခန်းကျားပစ်ကန် ကျေးရွာတွင်ဖွင့်လှစ်

ပေါက် ဖေဖော်ဝါရီ ၁၃

ပြည်သူတို့၏အဓိကလိုအပ်ချက်ဖြစ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးသိန်းနွဲ့၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစောမြင့်ခိုင်၊ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ကိုယ်စား လက်ထောက်ကျန်းမာရေးမှူး ဦးကြည်နိုင်က ယင်းကျေးလက်ဆေးခန်းတွင် တာဝန်ကျသူနာပြုဆရာမများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံသည် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ ဖြစ်ပြီး ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ၊ ရပ်နီးရပ်ဝေးမှ စုပေါင်းလျှဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်းတစ်ရာ့ငါးသိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ညထီတိုး(ပေါက်)

မြသိန်းတန်လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေများရရှိသဖြင့် တောင်သူများအဆင်ပြေ

ဘုတလင် ဖေဖော်ဝါရီ ၁၃

တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း ချင်းတွင်းမြစ်ရေဖြင့် မြသိန်းတန် လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိရာ တောင်သူများ နွေသီးနှံများကို စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်စားသောက်ကြသူများ ဖြစ်ကြရာ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်လျက်ရှိသော စိုက်ပျိုးရေများကို ဆည်ရေသောက်၊ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် နိုင်ငံတော်နှင့် တိုင်းဒေသကြီး အစိုးရ အဖွဲ့တို့မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပေသည်။

"မြသိန်းတန် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကနေပြီး ယခုနွေရာသီတွင် ဧက ၁၈၀ ကို စိုက်ပျိုးရေ စတင်ပေးဝေလျက်ရှိပါတယ်။ မြောင်းလက်တံခွဲများအားလုံးပြီးစီးရင် စိုက်ပျိုးဧက ၄၀၀၀ အထိ စိုက်ပျိုးရေ ပေးဝေနိုင်မယ်လို့သိရပါတယ်။ လက်ရှိအနေနဲ့က မြောင်းမကြီးနဲ့ အနီးဆုံး စိုက်ပျိုးမြေတွေကို ပေးနေတာပါ။ လက်တံခွဲတွေ အားလုံးပြီးသွားရင် မိုးရာသီ စိုက်ပျိုးချိန်ဆိုရင်တော့ စိုက်ပျိုးရေတွေကို တိုးချဲ့ပေးနိုင်မှာပါ။ ဒီဒေသက မိုးနည်းတဲ့ ဒေသဖြစ်တဲ့အတွက် မြသိန်းတန် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းက စိုက်ပျိုးရေနဲ့ ဒေသခံတောင်သူတွေ စိုက်ပျိုးနိုင်တဲ့အတွက် တောင်သူတွေ အဆင်ပြေပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေဖြင့် ပဲတီစိမ်းသီးနှံ၊ နွေသီးနှံများနှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိပြီး မိုးသီးနှံများအဖြစ် ပဲတီစိမ်း၊ နေကြာနှင့် နှမ်းသီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

OD TOUR
Since 1997
Oriental Dragon Travels & Tours Co.,Ltd.
"Feb.20.27,Mar.18.23,Apr.11.12.13" ထွက်မည့် OD Tour ၏ ပြည်တွင်းခရီးစဉ်များ
+ထားဝယ်(ရှင်ကိုးရှင်)၊ ဧလာင်းလုံဘုတ်ကျွန်း၊ မောင်းမကန်ကမ်းခြေ
+ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ
+တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်
+ပုဂံ(စွယ်တော်လေးဆူ)၊ ရွှေစက်တော်
+ထားဝယ်၊ မြိတ်ကျွန်းစု (Flight/Coach)
+မန္တလေး၊ မုံရွာ၊ အလောင်းတော်ကသပ
+မန္တလေး၊ ပြင်ဦးလွင်၊ မူဆယ်၊ ဖွေလီ
+တောင်ကြီး၊ အင်းလေး
+ဘားအံ (ကျုံထော်ရေတံခွန်)၊ ဆဒ္ဒန်ဂူ (ဝေနေဇုတိုင်း)
No.52,KyunTaw Street.Sanchaung Tsp: Ph: 01-536 855, 504 808, 09-5187045

ဗုဒ္ဓ ဓမ္မ သံဃ
ဧရာဝတီ ဧည့်သည်
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် ⇌ မန္တလေး
ရန်ကုန်(အောင်မင်္ဂလာ၊ ပ ကွင်း) 09-442304724 ,09-442304725
ရန်ကုန်(ပန်းပင်ကြီးဈေး) 09-450170907
ရန်ကုန်(အောင်ဆန်းကွင်း) 09-442304726
မန္တလေး(ကျွဲဆည်ကန်) 09-91009192, 09-91007658, 09-442304727, 09-442304728
ရန်ကုန်မှ မန္တလေးသို့ အဆင့်မြင့်လေအိတ်ကားကြီးများဖြင့် နေ့စဉ် ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဗြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
"သာသနာပြန့်ကြီးသည်မှာ စံတစ်ခုမ်းခမြဲ ဓာတုရုပ်ဖူးနဲ့ ပြည်ဇေတဝန်သာဒေါ့ဘုရားကြီး"
၁။ (၉) ရက် } သံဃဓိုဏ်ဝေဠုဌာန၊ အဝီဇေတိတ ဆုံးဌာန (အိန္ဒိယ - နီပေါ)
၂။ (၁၂) ရက် } သံဃဓိုဏ်ဝေဠုဌာန၊ အဝီဇေတိတဝေဠုဌာန၊ ခုဒ္ဒေဒေဝီ
၃။ (၁၅) ရက် } တစ်ဓိုဏ်ဝေ (အိန္ဒိယ - နီပေါ) ခရီးစဉ်အားလုံးစရိတ်ကြေး
ရဟန်းတော်၊ သီလရှင်၊ ပင်စင်စားပုဂ္ဂိုလ်တစ်ဦးလျှင် -၁၀၀၀၀$/-passportရှိသူ -၃၀၀၀$/-(၅)ဦးတစ်စုလျှင် -၅၀၀၀$/(၁၀)ဦးတစ်စုလျှင် -၂၀၀၀$/-လျှော့ပေးသည်။ (၁၆)ဦး တစ်စုလျှင် တစ်ဦးအခမဲ့ လိုက်ပါခွင့်ပြုပါသည်။ နယ်မှခရီးသည်များအတွက်ကြို-ပို့တည်းခိုနေထိုင်ရေး စီစဉ်ပေးသည်။ သစ်သီးဆွမ်း ယာနာနို့ဆွမ်း ရေချမ်းပန်းနှင့် India GSM Simcard နှင့် Internet Wifiမေတ္တာလက်ဆောင်ပေးပါသည်။ဘုရားဌာန(၄)ဌာနများတွင်စုပေါင်းကြာသင်္ကန်း(၁၁)ထည်ဆက်ကပ်မည်။ နယူးဒေလီ(HOTEL)တွင်ညအိပ်ခ်ိန်နဲ့နက်နေ့လယ်ညစာဖြင့်ကျွေးမွေးဧည့်ခံပါမည်။ကားညောင်းခရီးစဉ်(လုံး၀)လုံး၀မပါပါ။ ဝိသားစုအဖွဲ့အစည်းများအတွက် အထူးခရီးစဉ်များ စီစဉ်ပေးပါသည်။
၁။ ရက် - { Mar -2,18 - promotionခရီးစဉ် ၁၀သိန်း }{April - 9 ပဲတီစိမ်းခရီးစဉ် ၁၀.၅သိန်း}
၂။ ရက် - { Mar-20,April - 9 ပဲတီစိမ်းခရီးစဉ် ၁၀သိန်း}
၃ ရက် - { April - 9 ပဲတီစိမ်းခရီးစဉ် ၁၀.၅သိန်း}
အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com

SP PS
Summit ကိုယ်ပိုင်မူလတန်းကျောင်း
အမှတ်(၉၁)၊အထက်ကြည့်မြင်တိုင်လမ်းမ၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၁ ၉၃၁၇၂၂၁ ၊ ၀၉ ၄၅၀၀၆၆၈၁၂ ၊ ၀၉ ၇၃၁၅၀၃၄၇
ဒုတိယတန်း ကျောင်းပိတ်ရက် (စနေ၊တနင်္ဂနွေ)မူလတန်း ပြန်မာ+သချာ်အထူးသင်တန်း
မြန်မာနှင့်သချာ်ကို နွေရာသီပိတ်ရက်အတွင်း အားဖြည့်လိုသော ကျောင်းသူ/ကျောင်းသားငယ်လေးများအတွက် -
စနေ ၊ တနင်္ဂနွေ (၈း၃၀ - ၁၁း၃၀)
* တစ်တန်းလျှင် ၂၀ဦးသာ
* International School တွင်တက်ရောက်နေသော ကလေးများအတွက်လည်း မြန်မာစာအခြေခံကောင်းစေရန် နှင့်သချာconcept ဖိရန်အထူးသင့်တော်သည်။

ဖခင်အမည်မှန်

အထက(ခွဲ)ဆားတလင်း၊ လှည်းကူးမြို့နယ် သတ္တမတန်း(A)မှ မောင်အေးမင်းဖြိုး၏ ဖခင်အမည်မှန်မှာဦးကျော်စွာအောင် [၅/ဆလက(နိုင်)၀၄၄၀၀၇]ဖြစ်ပါကြောင်း။

ဦးကျော်စွာအောင်

ကွာရင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဟန်ထွန်းအောင်[၁၂/လမန(နိုင်)၁၃၇၉၉(၆)]နှင့် မဝင်းလဲ့[၁၀/ဘလန(နိုင်)၀၉၃၆၉(၄)]တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၅-၁-၂၀၁၆ ရက်-တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ခုံးတွင် မှတ်ပုံတင်အမှတ်(၁၈/၂၀၁၆)အရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပြီဖြစ်ပါသဖြင့် မဝင်းလဲ့နှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဟန်ထွန်းအောင်[၁၂/လမန(နိုင်)၁၃၇၉၉(၆)]

မန္တလေးတွင် မီးဘေးကာကွယ်ရေး မီးသတ်ရေဂုတ်များစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရေနှင့်သန့်ရှင်းမှုဌာနသည် မြို့လူထုသောက်သုံးရေဖူလုံစွာဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း မြို့နယ်အလိုက် ရပ်ကွက်များတွင် တပ်ဆင်ထားသော မီးသတ်ရေဂုတ်များအား ဖေဖော်ဝါရီလဆန်းမှစတင်ပြီး ရေနှင့်သန့်ရှင်းမှုဌာနမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

၂၀၁၆ ခုနှစ် နွေရာသီ ရေပြတ်လပ်မှုမရှိစေရေးအတွက် ရေနှင့်သန့်ရှင်းမှုဌာနမှ ၁၆ လက်မ မြေအောက်စက်ရေတွင်းသစ်များ တူးဖော်ခဲ့ပြီး ရေဂါလန် ခုနစ်သန်းခန့် တိုးမြှင့်ပေးနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက်အတွင်း တပ်ဆင်ထားသော မီးသတ်ရေဂုတ်များအား ရေနှင့်သန့်ရှင်းမှုဌာနမှ ဝန်ထမ်းများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မီးဘေးကာကွယ်ရေးအတွက် ချမ်းအေးသာစံမြို့နယ်တွင် မြေပြင်ညီ ရေဂုတ် ၂၂၂ ခု၊ မြေပေါ်ရေဂုတ် ၅၅ ခု၊ အောင်မြေသာစံမြို့နယ်တွင် မြေပြင်ညီ ရေဂုတ် ၁၅၆ ခု၊ မြေပေါ်ရေဂုတ် ၁၁ ခု၊ မဟာအောင်မြေမြို့နယ်တွင် မြေပြင်ညီရေဂုတ် ၁၅၆ ခု၊ မြေပေါ်ရေဂုတ် ၂၅ ခု၊ ချမ်းမြသာစည်မြို့နယ်တွင် မြေပြင်ညီ ရေဂုတ် ၄၃ ခု၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မြေပြင်ညီရေဂုတ် ၉ ခု၊ မြေပေါ်ရေဂုတ် ၄ ခု တပ်ဆင်ထားကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့လူထုသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် စက်ရေတွင်းများတိုးချဲ့တူးဖော်ခြင်း၊ ရေလှောင်ကန်များတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ တိုးချဲ့သွယ်တန်းခြင်းများဆောင်ရွက်လျက်ရှိသည်။

သီဟကိုကို(မန္တလေး)

အသက်ကြီးဘိုးဘွားများကို အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးစစ်ဆေးပေး

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အသက်ကြီးဘိုးဘွားများကို အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကမ်းပြုကျေးရွာသို့ရောက်ရှိပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် ပညာပေးဟောပြောမှုများဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့်အဖွဲ့ဝင်များက မိသားစုတိုင်းလိုက်နာဆောင်ရွက်ရမည့် ဒီနှစ်အတွက်ခုနစ်ချက်ဖြစ်သော ကလေးငယ်များအား မွေးကင်းစမှခြောက်လအထိ ရေမတိုက်ပဲမိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအာဟာရပြည့်ဝအောင် စားသောက်ရန်၊ ကလေးငယ်တိုင်းအား ကာကွယ်ဆေးအားလုံးကို သတ်မှတ်ချိန်အတိုင်း အကြိမ်ပြည့်ထိုးနှံ၊ တိုက်ကျွေးရန်၊ မိသားစုတိုင်းဆေးစိမ်ခြင်းထောင်အသုံးပြုရန်၊ အိမ်သာတက်ပြီးတိုင်း၊ အစားအစာပြင်ဆင်ချက်ပြုတ်ခြင်းမပြုမီတိုင်း၊ အစာမစားမီနှင့် စားပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးရန်၊ နေမကောင်းသောကလေးအားအရည်များများတိုက်ပြီး၊ အစာဆက်လက်ကျွေးရန်နှင့် နေမကောင်းသောကလေးတွင် အန္တရာယ်လက္ခဏာများကို စောင့်ကြည့်၍ တွေ့ရှိပါက ကျန်းမာရေးဝန်ထမ်းများနှင့်ပြသရန်တို့ကို ပညာပေးဟောပြောကြသည်။

ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့်ကျေးရွာအတွင်းရှိ သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းအိခိုင်နှင့် အသင်းအမှုဆောင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးမှ ဒေါက်တာဥမ္မာဆွေနှင့်ဝန်ထမ်းများသည် ကမ်းပြုကျေးရွာမှ ဆုံကုန်းကျေးရွာနှင့် တောင်ပေါ်တောင်ကျေးရွာများသို့ သွားရောက်ခဲ့ကြပြီး၊ ကိုယ်ဝန်ဆောင်နှင့် ကလေးမိခင်များ စုစုပေါင်း ၁၅၀ ဦးတို့ကို ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပြီး၊ သက်ကြီးဘိုးဘွားပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်း အိမ်တိုင်ရာရောက်ဆောင်ရွက်ပေးခဲ့ကြကြောင်းသိ ရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မြစ်သားမြို့တွင် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

မြစ်သား ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအား မြို့နယ်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီကကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ ဆရာမများက အလေးပြုပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

ထန်တလန်မြို့နယ် တလွန်ရမ်စာကျက်ကျေးရွာ ဆိုလာမီးရရှိ

ထန်တလန် ဖေဖော်ဝါရီ ၁၃

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ထန်တလန်မြို့နယ် တလွန်ရမ်စာကျက်ကျေးရွာ ဆိုလာမီးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်ညနေ ၅ နာရီခွဲက ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရမ်ခါရ်နှင့် စာကျက် ကျေးရွာရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"အလင်းရောင်အတွက် ရေနံဆီနှင့် ဖယောင်းတိုင်အသုံးပြုရာမှ အခုလို ဆိုလာမီးအသုံးပြုနိုင်တဲ့ အခြေအနေရလာတဲ့အတွက် ကျွန်တော်တို့ရွာက အကျိုးကျေးဇူးများစွာ ရရှိလာတော့မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကလေးတွေက ဆိုလာမီးအောက်မှာ စာဖတ်စာကျက်ရတော့မှာ ဖြစ်တဲ့အတွက် ဖခင်တစ်ယောက် အနေနှင့် ဝမ်းသာလို့ကို မဆုံးပါဘူး"ဟု ရွာသားတစ်ဦးကပြောသည်။

အဆိုပါဆိုလာမီးကို ကျေးလက်ဖွံ့ဖြိုးတိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သိန်း ၆၀ ဖြင့် တလွန်ရမ်စာကျက်ကျေးရွာ အိမ်ခြေ ၃၀ အတွက် တစ်အိမ် နှစ်သိန်းတန် တပ်ဆင်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဂေါတမ်မြေမှ ဝမ်းမြောက်ဂုဏ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၂ ရပ်ကွက်၊ စံပယ်လမ်း၊ မိုးကုတ်ဝိပဿနာဇေတဝန်ရွှေကျောင်းတော်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ အင်ပူမြို့နယ်၊ ထူးကြီးမြို့၊ ဇေတဝန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်

ရန်ကုန်မြို့၊ **မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကဆရာတော် ဘဒ္ဒန္တဂ္ဂန္ဓာဝုဓာဘိဝံသ**

အရှင်သူမြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ မြန်မာ့လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် **မဟာကမ္မဋ္ဌာနာစရိယ** ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ပူဇော်ခြင်းအတွက် အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်း။

ဆရာတော် သက်ရှည်ကျန်းမာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုး တိုး၍တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်ဘုရား။

ရန်ကုန်ရောက် ထူးကြီးမြို့သူ၊ ထူးကြီးမြို့သား၊ ဒါယကာ-ဒါယိကာမများနှင့် ထူးကြီးအသင်း (ရန်ကုန်)

ဘဏ္ဍာနှစ် တည်ထောင်သည့်
ရေရှည်ကြည်
အမှတ်တံဆိပ်
ရွှေပန်းတောင်
TMR-007525(0614)
အကြောပြေ မျက်စိကြည်ဆေး
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်
ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက်
အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန်ချီရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၀၄၂ ၅၉၀၀၃၄

globalart
Globalart Myanmar ရဲ့ ဖျော်ရွှေပေးရာကောင်းတဲ့ Summer Programme
Enroll Now
Summer Programme
1 month - 12 Lessons
1 Lesson - 2 hrs
Core Programmes + Additional Programmes
- Cartoon & Comic
- G.Clay
- Glass Painting
- Acrylic Painting
- Cultural Art Programme
No.46, Innya Road, kamaryut Township, Yangon, Myanmar. Ph : 09 49319573/74

ခွေးရောင်းမည်
Golden Retriever -2လ
Alsation -2လ
PH:09-420267148/09-442000074

မြေညီတိုက်ခန်းငှားမည်
ယုဇနပလာဇာစျေးရှေ့မုခ်ဦးအနီး၊ ဗညားဒလလမ်းနှင့်မအူကုန်းလမ်းကျယ်ထိပ်၊ ဗညားဒလလမ်းမပေါ်၊ ပေ(၁၀×၄၅)၊ အဆင်သင့်ပြင်ဆင်ပြီး၊ လူနေရန်၊ ဆိုင်ဖွင့်ရန်သင့်တော်သည်။ ရေ၊ မီး ပြည့်စုံပါသည်။
ဖုန်း-၀၉-၅၁ဂ,၈၀၁၉၊ ၀၉-၅၁၉၉၄၆၉

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းသုံးသပ်ချက်

ငြိမ်းချမ်းခြင်းပန်းတိုင် တူနှစ်ကိုယ်လှမ်းကိုင်

ကိုရီးယားနှစ်နိုင်ငံ နယ်စပ် ပန်မွန်ဂျုံကျေးရွာအနီး ပြန်လည်ပေါင်းစည်းရေး တံတားခွံ တောင်ကိုရီးယားစစ်သည်များ လုံခြုံရေးစောင့်ကြပ်နေသည့် မုတ်တမ်းပုံ။ ဓာတ်ပုံ– INQUIRER

မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှရယူသင့်သော သင်ခန်းစာများကိုထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကိုဖော်ပြအပ်ပါသည်။ *(စာတည်း)*

à ကိုရင်ညြ

ကေးဆောင်းစက်မှုဇုန်မှ တောင်ကိုရီးယားနိုင်ငံသားများ ထွက်ခွာသွားရန် မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၁ ရက်တွင် ရာဇသံထုတ်ဆင့်လိုက်ရာ ကိုရီးယားကျွန်းဆွယ်မှ တုဘက်ပြိုင်ဘက်နှစ်နိုင်ငံအကြား တင်းမာမှု အထွတ်အထိပ်သို့ ရောက်လေပြီဟု ကျွန်ုပ်တွေးတောမိရင်း ဒေသဆိုင်ရာ မှိုင်းအုံ့အုံ့ နိုင်ငံရေးရှုခင်းကို စွေ့ခနဲ ဝေ့ဝဲကြည့်မိလေ၏။

ကေးဆောင်း စက်မှုဇုန်ဟူသည်ကား ကိုရီးယား နယ်စပ်တစ်ဖက်တစ်ချက် ၁၀ ကီလိုမီတာအကွာတွင် တည်ရှိပြီး နှစ်နိုင်ငံပြန်လည်သင့်မြတ်ရေး ပြယုဂ်အဖြစ် ၂၀၀၄ ခုနှစ်တွင် ကိုရီးယားနှစ်နိုင်ငံ ပူးတွဲထူထောင်ခဲ့ကြသော စက်မှုဇုန်တည်း။

မြောက်ကိုရီးယားနှင့် ပူးတွဲထူထောင်ထားသော ကေးဆောင်းစက်မှုဇုန်၏ လုပ်ငန်းအဝဝကို လုံးလုံးလျားလျား ရပ်ဆိုင်းထားမည်ဟု တောင်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာခဲ့ပြီးလျှင် ယင်းလုပ်ရပ်သည် စစ်ကြေညာသည့် လုပ်ရပ်အဖြစ် မြောက်ကိုရီးယားက ဖေဖော်ဝါရီ ၁၁ ရက်တွင် ကြေညာလိုက်ပေရာ ဒေသတွင်း နိုင်ငံများ၌ ဗျာပါရကြောင့်ကြမှု ဖြစ်ကြရလေသည်။

ကေးဆောင်းစက်မှုလုပ်ဇုန်၌ တောင်ကိုရီးယားကုမ္ဗဏီ ၁၂၄ ခု အခြေစိုက်ပြီး မြောက်ကိုရီးယားအလုပ်သမား ၅၃၀၀၀ ခန့်ကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည်။

မကြာသေးမီက ဓာတ်ကလီးယားစမ်းသပ်မှုနှင့် တာဝေးပစ်ဒုံးပျံပစ်လွှတ်မှုတို့ ပြုလုပ်ခဲ့သော မြောက်ကိုရီးယားနိုင်ငံအား တောင်ကိုရီးယားနိုင်ငံက အရေးယူတုံ့ပြန်သည့် အနေဖြင့် ပူးတွဲစက်မှုဇုန်လုပ်ငန်းများကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်လေသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၇ ရက်က ဆိုးဝဲ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှနေ၍ ဂြိုဟ်တုငယ်တစ်လုံးကို အာကာသအတွင်းသို့ လွှတ်တင်ခဲ့ရာမှ နောက်ဆုံးတင်းမာမှုစတင်ခဲ့သည်။

မြောက်ကိုရီးယားက လွှတ်တင်ခဲ့သော ဒုံးပျံမှာ ကိုရီးယားဘာသာစကားအရ 'အွန်ဟာ' ဟု ခေါ်တွင်ပြီး နဂါးငွေ့တန်းဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။ သုံးဆင့်ပေါက် ဒုံးပျံ၊ လောင်စာရည်သုံးသော ဒုံးပျံ စနစ်ဖြစ်၏။

မြောက်ကိုရီးယားအနေဖြင့် ဒုံးပျံပစ်လွှတ်ခြင်း မပြုရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တားမြစ်ပိတ်ပင်ထားရာ ဇာတိမာန်ဟုန်ပြသရာရောက်သော ယင်းနိုင်ငံ၏ လုပ်ရပ်နှင့် ပတ်သက်၍ အကျယ်အကျယ် မငြိမ်းဖွယ် အငြင်းပွားမှုဖြစ်ကြရလေသည်။

ပဲ့ထိန်းဒုံးကျည် နည်းပညာရပ်များ အသုံးပြုခြင်းမှ ရှောင်ရှားရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တားမြစ်ပိတ်ပင်ထားသဖြင့် ယင်းနိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်မှုရည်ရွယ်ချက်၏ သဘောသဘာဝကို ဒေသတွင်း နိုင်ငံများက စောကြောဝေဖန်လျက်ရှိကြလေသည်။

ဓာတ်ကလီးယား ထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည်များ ပိုင်ဆိုင်ရေးအတွက် မြောက်ကိုရီးယား ကြိုးပမ်းခြင်းလောဟု ယူဆကြ၏။

ဒေသတွင်းနိုင်ငံများအား သောသောရုတ်ရုတ် ဖိမ့်ဖိမ့်တုန် ဒုံးပစ်ခတ်မှု ဖြစ်စဉ်အချို့ကို ကျွန်ုပ် အခါအားလျော်စွာ ကြားသိခဲ့ရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၁၉၉၈ ခုနှစ် နောက်ပိုင်း တာဝေးပစ်ဒုံး ငါးစင်းပစ်လွှတ်ခဲ့ပြီးဖြစ်သည်။ ၁၉၉၈ ခုနှစ် ဩဂုတ်လတွင် ပထမဆုံး ဒုံးယာဉ်စမ်းသပ်မှု ပြုလုပ်ခဲ့ရာတွင် တေပိုဒေါင်-၁ ဒုံးယာဉ်ကို အသုံးပြုခဲ့သည်။

ကေးဆောင်း စက်မှုဇုန်၏ လုပ်ငန်းများကို ဆိုင်းငံ့ထားရန် တောင်ကိုရီးယား၏ ကြေညာချက်ကို မြောက်ကိုရီးယားက စစ်ကြေညာသည့် လုပ်ရပ်အဖြစ် တုံ့ပြန်ပြောဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားနှစ်နိုင်ငံ၏ အထူးစက်မှုဇုန်မှ ပေးစွမ်းသော ရန်ပုံငွေများကို ငြိမ်းချမ်းရေးအတွက် အသုံးမပြုမူ၍ ဓာတ်ကလီးယားလက်နက်နှင့် တာဝေးပစ်ဒုံးကျည်များ အဆင့်မြှင့်တင်ရန် အသုံးချနေသည်ဟု တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ပြစ်တင်ပြောကြားခဲ့လေသည်။

ကေးဆောင်းစက်မှုဇုန်ကို ၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ချိန်မှစ၍ ယင်းစက်မှုဇုန်၏ စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ဒေါ်လာငွေသန်း ၅၀၀ ကျော် စီးဝင်ခဲ့သည်ဟု တောင်ကိုရီးယားအစိုးရက ခန့်မှန်းသည်။

မြောက်ကိုရီးယားသည် ၂၀၁၅ ခုနှစ်တစ်နှစ်တည်းမှာပင် ကေးဆောင်းစက်မှုဇုန်မှတစ်ဆင့် ဒေါ်လာသန်း ၁၂၀ ဝင်ငွေရရှိခဲ့ကြောင်း၊ စီးပွားရေးပိတ်ဆို့မှုနှင့် တွေ့ကြုံနေရသော မြောက်ကိုရီးယားအတွက် ငွေမာရရှိရေး အရင်းအမြစ်ဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားလေသည်။

အရှေ့အာရှ လက်နက်ပြိုင်ပွဲ

မြောက်ကိုရီးယားက ဒုံးယာဉ်လွှတ်တင်မှုကြောင့် အရှေ့အာရှ၌ လက်နက်ပြိုင်ပွဲ ဖြစ်ပေါ်လာမည်လောဟု တွေးဆစရာဖြစ်ကြရသည်။

နိုင်ငံတကာအရေး သုံးသပ်သူများနှင့် မူဝါဒရေးဆွဲသူများက အရှေ့အာရှ၌ လက်နက်ပြိုင်ပွဲ ဖြစ်ပေါ်လာဖွယ်ရှိသည်ဟု ခန့်မှန်းကြသည်။

တောင်ကိုရီးယား၌ ဒုံးကျည်ကာကွယ်ရေး ဒိုင်းလွှားစနစ်တစ်ရပ်ကို အမေရိကန် ဖြန့်ကြက်မည်ဆိုပါက ဒေသတွင်း၌ လက်နက်ပြိုင်ပွဲ ဖြစ်ပေါ်လာဖွယ်ရှိသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်နှင့် ဓာတ်ကလီးယား စမ်းသပ်မှုများကို တုံ့ပြန်နိုင်ရန် အမေရိကန်၏ THAAD ဒုံးခွင်းဒုံးစနစ်တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ တရားဝင် ဆွေးနွေးပွဲ ပြုလုပ်သွားမည်ဟု အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က လွန်ခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ကြေညာခဲ့ကြလေသည်။

မြောက်ကိုရီးယားကို အကြောင်းပြု၍ ဒေသတွင်း၌ စစ်အင်အားတည်ဆောက်ရန် အမေရိကန်က ဆင်ခြေပေးနိုင်သည်ဟု ရုရှားအစိုးရက ဆိုသည်။

ဆင့်ပွား အကျိုးဆက်တစ်ရပ်အဖြစ် တောင်ကိုရီးယားနှင့် တရုတ် ဆက်ဆံရေး ထူးခြားပြောင်းလဲနိုင်ဖွယ်ရှိသည်။ တောင်ကိုရီးယား၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော တရုတ်သည် မြောက်ကိုရီးယား၏ မဟာမိတ်ဖြစ်နေပြီး အမေရိကန်၏ ပြိုင်ဘက်လည်းဖြစ်ပေရာ ယင်း၏ နယ်နိမိတ် အနီးအပါး၌ အမေရိကန်၏ ခေတ်မီဒုံးခွင်းဒုံးများ ဖြန့်ကြက်မှုကို လိုလားမည်ကား မဟုတ်ပေ။

တရုတ်အနေဖြင့် ယင်း၏ အမျိုးသားလုံခြုံရေးအား အမေရိကန် ထိပါးလာမည်ကို စိုးရိမ်ပူပန်နေပုံရသည်ဟု အကဲခတ်ရ၏။

ဂျပန်နိုင်ငံမှာလည်း တစ်နွယ်ငင်တစ်စင်ပါ ဖြစ်နေချိန်တွင် အမေရိကန်၏ THAAD ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေး စနစ်ဖြန့်ကြက်ရန် စဉ်းစားနေသည်ဟု မကြာသေးမီက သတင်းပေါ်ထွက်ခဲ့သည်။

တောင်ကိုရီးယား၌ ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်ဖွယ်ရှိမှုအတွက် အမေရိကန်နှင့် တရုတ်အကြား အပြန်အလှန်စောဒကတက်နေကြသည်။

ဂျပန်၌ THAAD စနစ် တပ်ဆင်ပါက တရုတ်နိုင်ငံကို ဒေါသထွက်အောင် ဆွပေးရာရောက်ပေလိမ့်မည်။

တစ်ချိန်တည်းတွင် ဂျပန်နိုင်ငံသည် ယင်း၏ စစ်ရေးအခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ကြိုးပမ်းနေသည်ဟု တရုတ်က ဝေဖန်ခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၌ လက်နက်ထိန်းချုပ်ရန်လိုအပ်

စစ်မက်ဖြစ်ပွားခြင်းမှ တားဆီးနိုင်ရေးနှင့် အမျိုးသားလုံခြုံရေးကို ထိန်းသိမ်းရေးတို့အတွက် ကိုရီးယားကျွန်းဆွယ်၌ လက်နက်ထိန်းချုပ်ရန် လိုအပ်ပေလိမ့်မည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကြာ ကာလပတ်လုံး စစ်အေးကို အကြောင်းပြု၍ အရှေ့နှင့် အနောက်ဆက်ဆံရေး ထိခိုက်ခဲ့ရပြီးလျှင် လက်နက်ပြိုင်ပွဲ အတောမသတ်ဖြစ်ပေါ်ခဲ့ပုံကို ကျွန်ုပ်တို့ သမိုင်းသင်ခန်းစာရသင့်ကြပေပြီ။

ကိုရီးယားကျွန်းဆွယ်၌ စစ်ရေးချိန်ခွင်လျှာ ထိန်းညှိကြခြင်းဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား အင်အားပြိုင်မှုဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းရလေသည်။

ကိုရီးယားကျွန်းဆွယ်၌ လက်နက်ပြိုင်ပွဲကြီး ပီပီပြင်ပြင် ပေါ်ထွန်းလာခြင်းမရှိရေးမှာ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ကြရေးပင် ဖြစ်ပေသည်။

ဒေသတွင်းနိုင်ငံများအချင်းချင်း အပြန်အလှန်ယုံကြည်မှု မရှိကြပါလျှင် အာရှ-ပစိဖိတ်ဒေသ၌ စစ်ရေးတည်ဆောက်မှုများ တစ်စစကြီးထွားလာမည်ဟု ရှုမြင်ရ၏။

ငြိမ်းချမ်းရေးဟူသည် အဏုမြူလက်နက်များနှင့် လက်နက်ပြိုင်ပွဲတို့မှတစ်ဆင့် တည်ဆောက်နိုင်မည်ကားမဟုတ်ပေ။ ရန်စလို့ ဆော်မှုများ ကင်းဝေးပြီး ညှိနှိုင်းဆွေးနွေးကာ အဖြေရှာခြင်းသည်သာလျှင် ငြိမ်းချမ်းရေးအတွက် လမ်းစဖြစ်ပေမည်။

ဤနေရာတွင် ရှေးဟောင်း တရုတ်ပြည်၏ အတွေးအခေါ်ပညာရှင်ကြီး လောင်ဇူး (Lao Tseu) ၏ အဆိုအမိန့်များကို ကျွန်ုပ် ပြန်လည်ကိုးကားလိုပါ။ သူက -

"ကမ္ဘာမှာ ငြိမ်းချမ်းဖို့ နိုင်ငံတွေငြိမ်းချမ်းဖို့ မြို့တွေငြိမ်းချမ်းဖို့ နေအိမ်တွေ ငြိမ်းချမ်းဖို့ လူတစ်ဦးချင်းစီရဲ့ နှလုံးသားတွေ ငြိမ်းချမ်းဖို့ လိုအပ်လာပြီ" ဟူ၍ ဆိုမိန့်ခဲ့သည်။

"တစ်ဦးတစ်ယောက်က သင့်အပေါ် မြတ်နိုးတွယ်တာချစ်ခင်ပါလျှင် သင့်အတွက် ခွန်အားဖြစ်စေမယ်။ သင်ကလည်း သူ့အပေါ် မေတ္တာထားလျှင် သင့်အတွက် သတ္တိဖြစ်စေမယ်"

"နှလုံးသားထဲက တေးသံ စကြဝဠာအထိ ကြားနိုင်တယ်" "သူ့အပေါ် ယုံကြည်မှ ကိုယ့်အပေါ် ယုံကြည်မယ်"

ယုံကြည်မှု ဟူသည် အပြန်အလှန်ယုံကြည်မှုကို ရည်ညွှန်းသည်။ ကိုရီးယားကျွန်းဆွယ်၌ ငြိမ်း ချမ်းရေးတည် ဆောက်ရန်မှာ ကိုရီးယားနှစ် နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှု ဖြစ်ထွန်းတည်ရှိမှုအပေါ် မူတည်ပေမည်။

အေးချမ်းသာယာလှပသည့် ကိုရီးယားကျွန်းဆွယ်၌ ဗျာပါရကင်းဝေးစေမည့် တည်ငြိမ်မှုရရှိရေးမှာ အပြန်အလှန် ယုံကြည်မှုဖြင့် အခြေပြုရပါမည်။ ငြိမ်းချမ်းခြင်းတည်းဟူသော ပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းကြရာတွင် အပြန်အလှန်ယုံကြည်ခြင်းသည် အဓိကကျသည်ဟု ကျွန်ုပ်တွေးတောမိရင်း "ငြိမ်းချမ်းခြင်းပန်းတိုင် တူနှစ်ကိုယ်လှမ်းကိုင်" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

STRATEGY FIRST INSTITUTE

Retailers association

လက်လီလုပ်ငန်းများမှ မန်နေဂျာများနှင့် Supervisor များအတွက်

Effective Supervisory Skills for Retail Services

သင်တန်းကြေး - ၁၈၅၀၀၀ ကျပ် | သင်တန်းကြာချိန် - ၄၈ နာရီ | အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် စနေနေ့

သင်တန်းပြီးဆုံးပါက Certificate ကို STRATEGY FIRST INSTITUTE နှင့်မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းတို့မှ မူးပေါင်းချိန်းမြှင့်သွားမည်။

ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် သင်တန်းများစမည်။

#8, Panchan Tower, Myaynigone, Sanchaung Township, Yangon.

သတိပြုရန် - ဆေးဝါး၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့် ၄င်းတို့၏ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

CALL NOW: (09) 250 7171 66 ~ 68

Since 1986

KMD Institute

IAS-ANZ ISO

ကလေးများအတွက် နေ့ရာသီကွန်ပျူတာသင်တန်းများ

20% DISCOUNT

ဖေဖော်ဝါရီလ ၁၆ မှ ၂၈ ရက်အတွင်း သင်တန်းတက်နိုင်သူများအတွက်

အထူးအစီအစဉ်အနေဖြင့် သက်ဆိုင်ရာ Kids Courses နှင့် အတူ အင်္ဂလိပ်စာပါ ပူးတွဲ၍ သင်ကြားပေးမည်ဖြစ်ပါသည်။

- ကွန်ပျူတာကို ယခုမှ စတင်လေ့လာမည့် ကလေးငယ်များ
- ကွန်ပျူတာကို အသုံးပြုတတ်ပြီးသော ကလေးငယ်များ
- ပန်းချီ၊ ကာတွန်း၊ အနုပညာကို စိတ်ဝင်စားသော ကလေးငယ်များ
- စဉ်းစားတွေးခေါ်မှုကို ပိုမိုထက်မြက်လိုသော ကလေးငယ်များ တက်ရောက်နိုင်ပါသည်။

HOT LINE 09 262 600450

ပန်းတိုးတန်း	၃၈၁၀၃၅ ၃၉၁၂၈၆	ပြည်ကြီးကုန်း	၅၂၇၄၃၆ ၅၀၂၂၃၃	လမ်းမတော်	၂၂၀၅၅၅ ၂၃၀၃၀၈၁
ဗဟိုမြို့	၅၄၁၃၂၈ ၅၄၆၆၀၀	ရုပ်ရှင်တန်း	၅၂၄၄၀၀ ၅၀၅၃၉၉	သီရိကြီးတွေ	၃၈၄၂၆၈ ၃၈၄၆၄၁

Q . E . L . C

ဦးမောင်မောင်သိန်း B.A(English) Diploma in ELT, Cambridge Certificate in ELT

Summer English for Children

(Age 5-15) March (8) စမည်။ လက်ခံပြီ !!!!!

၁၅၆၊ (၄)ထပ်၊ အနော်ရထာလမ်း၊ ၄၆နှင့် ၄၇ ကြား

Ph: 09-73243323, 09-73057103, 09-250377173

ကျောက်ကြီး (အဝေးသင်)

ပထမနှစ် ဝိုးမွားရေး၊ ဝိုးမွားစိပ်

- အမှတ်(၈၄)၊ ဒုတိယထပ်၊ ၃၇-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၃၁၇၇၉၆၁, ၀၉-၇၃၀၀၁၇၉၇
- အမှတ်(၁၈)၊ အခန်း(4/D)၊ စတုတ္ထထပ်၊ အင်းဝစာပေတိုက်အပေါ်ထပ်၊ ဦးဆွန်းလင်းမြို့လမ်း၊ လှည်းတန်း၊ ဖုန်း - ၀၁-၅၁၁၁၀၅၆

စမည်

Kings Education

အမေရိကန် Top Ranking တက္ကသိုလ်ကြီးများသို့ တတိယနှစ်ကျောင်းဝင်ခွင့် လျှောက်ထားနိုင်မည့် American Liberal Arts ကောလိပ်များ ကျောင်းဝင်ခွင့်ဆိုင်ရာ ဟောပြောပွဲ...

Study in U.S.A. FREE Education Seminar

DATE	TIME	VENUE
17.2.2016	2:00pm – 4:00pm	InnLay Room, Novotel Hotel.

15 Cornell University	37 University of California, Santa Barbara	51 University of Miami	69 University of Minnesota — Twin Cities
21 Emory University	=39 University of California, Irvine	=52 Ohio State University — Columbus	=72 American University
23 University of Southern California	=39 University of California, San Diego	=52 University of Washington	=72 Rutgers — New Brunswick
29 University of Michigan — Ann Arbor	=41 Boston University	=57 George Washington University	=75 Indiana University — Bloomington
30 Boston College	=41 University of Illinois — Urbana-Champaign	=57 University of Connecticut	=75 Michigan State University
32 New York University	=41 University of Wisconsin — Madison	=57 University of Maryland — College Park	=75 University of Delaware
33 University of Rochester	=47 Northeastern University	61 Syracuse University	=75 UMass — Amherst
36 Georgia Institute of Technology	=47 Penn State University — University Park	66 Fordham University	=82 University of California, Santa Cruz

=82 University of Iowa	=99 Drexel University
=89 Stony Brook University — SUNY	=99 University at Buffalo — SUNY
=89 University of Colorado — Boulder	
=89 University of San Diego	
=89 University of Vermont	
96 University of Alabama	

Accepted recent Kings students

Rankings taken from U.S. News & World Report National University rankings (2016)

အမေရိကန်နိုင်ငံရှိ ကောလိပ်များ တက္ကသိုလ်များသို့ သွားရောက်ပညာဆည်းပူးလိုသည့် ကျောင်းသူ/သားများ အတွက်ပညာရေးလမ်းညွှန်မှုများ ရယူနိုင်ပါပြီ။

AT&S /eduGlobalVillage

အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပတ်ခ်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၅၂၁၁၂၅ ၊ ၀၉-၅၀၆၂၁၃၁ ၊ ၀၉-၇၉၉၅၅၅၉၄

"ကနဉ့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ တာပွေမြို့နယ်၊ ကျောက်ပြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ တိုက်အမှတ် (၁၀)၊ ၄-လွှာ/ဘီ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅' × ၆၀') ရှိ တိုက်ခန်းနင့်ဖတ်သက်သည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်နီနီမွန် (၁၀/မအန (နိုင်) ၀၆၆၃၄၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ပိုင်ရောပိုင်ခွင့် ရှိသူမည်သူမဆို ကနဉ့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားပူရင်းမှားဖြင့် ကျွန်ုပ်ထံသို့လာရောက်ကနဉ့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကနဉ့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီသက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမှားသိစေရန်ကြေညာထပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်လှလှဌေယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၇)

အမှတ် (၉/၁၁)၊ အခန်း (၁၀၃/ဆီး)၊ ၃ဖ-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၃၉၃၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်္ဂါမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(UE-1)၊ မြေကွက်အမှတ်-၄၅၅၊ ဧရိယာ(ပေ၄၀×ပေ၆၀) ဒေါ်ကျင်ညွန့် (၁၂/အစန(နိုင်) ၀၃၆၇၆၈) အမည်ပေါက် မိမိ၏မြေတွက်အား၊ အရောင်းအဝယ်အဆက်စပ် တရားပါများပြင့် ဝယ်ယူပိုင်ဆိုင်၍ လွဲပြောင်းရောင်းချ ငိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိတာအေး (၇/တာဝေ(နိုင်)၁၀၄၆၆၀)ထံမှ ဧရိယာ (ပေ၄၀×ပေ၆၀)အနက်မှ တရားဝင် မခွဲစိတ်ရသေးသော၊ B ခြမ်း၊ ဧရိယာ (ပေ၂၀×ပေ၆၀)၏ မြေကွက်အား၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှရီ (၁၂/မရက(နိုင်) ၀၅၅၆၄) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား၊ စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၅)ရက်အအတွင်း၊ တရားဝင်ခိုင်လုံသော အထောက်အထား၊ တရားပါစာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နုင်းစာခြည်ဖြိုး (L.L.B,D.B.L,D.M.L, D.I.L, W.I.P.O, (Switzerland)

အထက်တန်းရှေ့နေ(စဉ်-၃၇၀၆၅)

အမှတ်(၆၂)၊ ပထမထပ်၊ အခန်း(၂၃)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၇၃၀၅၅၅၅

အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၃၃လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အဆောက်အုံအမှတ်(၁၇၉)သည် ဦးမိုဟာမက်ဟာဆန်(၁၂/ကတတ(နိုင်) ၀၂၆၉၇၂)မှ တရားဝင် အိမ်ဌားအဖြစ် တည်ရှိနေသော ဆိုင်ခန်းဖြစ်ပါသည်။

ဖော်ပြပါဆိုင်ခန်းတွင် ဓာတ်ပုလုပ်ငန်းကိုလည်း မိသားစုပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပါ သည်။

ဖော်ပြပါဆိုင်ခန်းအား ဦးမိုဟာမက်ဟာဆန်နှင့်မိသားစုသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လွှဲပြောင်းပေးရန် ကတိပြုထားခြင်း တစ်စုံတစ်ရာမရှိကြောင်းနှင့် တရားဝင်လုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖော်ပြပါကြေညာချက်အပေါ် မမှန်ကန်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစပြီး ရက်ပေါင်း(၃၀)အတွင်း ကျွန်တော်၏ထံသို့ အထောက်အထားအပြည့်အစုံနှင့်အတူ လာရောက်ကန့်ကွက်ပါရန် ဖိတ်ခေါ် အပ်ပါသည်။ မမှန်မကန်တင်ပြကန့်ကွက်မှုများဖြစ်ပါကလည်း ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်(၃၃)လမ်းထိပ်၊ အမှတ်(၁၇၉)တွင် ဓာတ်ပုလုပ်ငန်းလုပ်ကိုင်သူပိုင်ရှင် ဦးမိုဟာမက်ဟာဆန်၏

လွှဲအပ်ညွှန်ကြားချက်အရ

ဦးလှိုင်ဘွား(LL.B)(စဉ်-၈၁၃၀)

တရားလွှတ်တော်ရှေ့နေ

အမှတ်(၄၇၅)၊ ပထမထပ်၊ သုမနလမ်း(၁၆/ ၂)ရပ်ကွက်၊ သယ်နားကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၅၅၂၂၀၄

ကြော်ငြာ

Japan နိုင်ငံတွင် ၃၆ နှစ်ကြာ သင်ရိုးညွှန်းတမ်းကောင်းများဖြင့် ရပ်တည်နေသော
Gakken Education Centre ၏ နွေရာသီ "SPECIAL SUMMER PROGRAM"

FREE Level Check

1 SPECIAL SUMMER PROGRAM

နွေရာသီကျောင်းပိတ်ရက်အတွင်း တန်ဖိုးရှိသော အချိန်များကို ပျော်ပျော်ရွှင်ရွှင် သင်ရာတွက်ခြင်းဖြင့် အကျိုးရှိစွာ ကုန်ဆုံးစေရန် အတွက် ရည်ရွယ်၍ ဖွင့်လှစ်လိုက်သော "SPECIAL SUMMER PROGRAM" မှ "Math Special Plan" အတွက် ကျောင်းသင်လက်စံနေပါပြီ။

10% Discount for Enrollment in February

- ဘာသာရပ် >> သင်ရာ — မတ်လ (၃)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။
- တက်ရောက်နိုင်မည့်သူများ >> မူလတန်းကြီးမူလတန်းနှင့် အလယ်တန်းကျောင်းသား/သူများ

2 OPEN! Hledan Centre Classroom

Gakken Education Centre ၏ Regular Course ကို ယနေ့ကင်းရှင်း February လေးလုံး၌ သင်ကြားပို့ချမှုလုပ်ငန်းများ ပြုလုပ်ခဲ့ကြပြီးသော Hledan Centre တိုတွင် ပုံမှန်သင်တန်းပြီးနောက်တိုင်း ညီညီနိုင်ငံ၌ တက်ရောက်နိုင်ပါသည်။

- ဘာသာရပ် >> သင်ရာ — အင်္ဂလိပ်conversation
- တက်ရောက်နိုင်မည့်သူများ >> မူလတန်းကြီးမူလတန်းနှင့်အလယ်တန်းကျောင်းသား/သူများ

☎01-559256

Yankin No.41, Room 11, Shwe Ohn Pin Housing (Shop House), Yanshin St, Yankin T/S, Yangon.
Hledan Centre #406, 4th Floor, Hledan Centre, Corner of Pyay Road & Hledan Road, Kamayut T/S, Yangon (to use office side elevator)
Monday~Friday 9:00am to 6:00pm Saturday~Sunday 9:00am to 5:00pm
Website : www.gakken-aca.com Email : info@gakken-aca.com Facebook : www.facebook.com/gakken education

MULTI-X LUBRICANT

စွမ်းအားအမြင့်မားဆုံး
MULTI-X
အင်ဂျင်ဝိုင်း

- အရည်အသွေးမြင့်မားခြင်း
- အင်ဂျင်ပွန်းတားမှုကို အထူးကာကွယ်ပေးခြင်း
- အင်ဂျင်ပါဝါကို ပိုမိုအားကောင်းစေခြင်း
- အင်ဂျင်အတွင်းပိုင်းအထူးသန့်စင်စေခြင်း
- စက်သံကိုငြိမ်စေခြင်း
- သီတာသက်သာစေခြင်း
- ကီလိုမီတာ ၀၀၀၀ အထက်အသုံးပြုနိုင်ခြင်း
- ရေးနှန်းသင့်တင့်မျှတခြင်း

5w-30/40 API SN API SN/CF | 10w-30 API SN/GF-5 | 10w-40 API SN/GF-5 | 15w-40 API CF4/SJ API CH4/SJ | 15w-40 API CI4/SJ | 20w-50 SF/CC
1 Litre 4 Litres 5 Litres 25 Litres 200 Litres

HEIN ENGINEERING CO., LTD
01- 8603596, 01- 860 3597, 01- 549516, 01- 546517
09 731 53506, 09 798881149, 09 798881180

အာဂနာ:
Asia Dragon ကျိုက်ထီးမိုး
ချောင်းသာ / ဌေးဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

TAXI
(အိမ်ပေးငှားမည်)
Toyota Passo (1000CC)
စပေါ် ၂သိန်း(တစ်နေ့ရှစ်ထောင်)
Ph:09-791666031
09-780789769

ကားရောင်းမည် (ဝိုင်ရှင်ကိုယ်တိုင်)
2006 CANTER/ELF/Bongo/TOYOACE
03Kluger အနက်/WISH ပြာ 275-175သိန်း
03ခွင်ပဲ35th ဝွေ/MARKII99 ပြာ 100-195
2010 Volkswagen GOLF(ကုမ္ပဏီ) 169သိန်း
FIT SHUTTLE Hybrid နက်/ဂုလာ 160-170
Nisson LEAF(လျှပ်စစ်)ပုလဲ 150သိန်း
2010FIELDER အနက်/03TAXI 145-120
CIVIC/AIRWAVE အနက်/ဝွေ 150-160
10/11FITGE6/INSIGHT ရောင်စုံ 110-120
10/11 BELTA/RACTIS ဝွေ/ပြာ 135-140
10/11SWIFT/COLT/Cheverolet 105-110
YGN TAXI များ (AD/Probox) 70-80-90
ကားဝယ်သည်/အလဲအထပ်ရှာသည်
09-51083T6,09-7851083T6

သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY

 မြန်မာ့စားသောက်ကုန်လုပ်ငန်းလမ်းညွှန်
Myanmar food INDUSTRY DIRECTORY
www.myanmarfoodindustrydirectory.com

စားသောက်ဆိုင်များ၊ စားသောက်ကုန်နှင့် အဖျော်ယမကာ ထုတ်လုပ်သည့်လုပ်ငန်းများ၊
စက်ရုံများနှင့် ပွဲရုံများသို့ တိုက်ရိုက်ရှာဖွေဆက်သွယ်နိုင်ဖို့ မြန်မာ့စားသောက်ကုန်လုပ်ငန်းလမ်းညွှန်

၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက

■ YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com

■ MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com

အင်္ဂျီဒီဇိုင်းမျိုးစုံအမြန်ဝတ်ချင်သော အမျိုးသမီးများအတွက် သတင်းကောင်း

Pearl Beauty မှ အပ်ထည်ဒီဇိုင်းမျိုးစုံကို (၁)ပတ်အတွင်း အမြန်ချုပ်ပေးနေပါပြီ။

ချုပ်ခ ဝမ်းဆက်(၁)စုံ ၂၅,၀၀၀/-မှစသည်။

ဖုန်း-၀၉-၇၈၃၃၃၆၀၉၊ ၀၉-၇၈၃၃၃၆၉၄၃၊ ၀၉-၄၂၁၀၇၇၁၆၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်းလှဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ[ကနဦး])၊ မြေကွက်အမှတ်(၁/၇၈)၊ အကျယ်အဝန်း ပေ(၅၆/၆၀×စ၂/၇၉)၊ မြေကွက်တည်နေရာအမှတ်(၆၄/A)၊ ကာယ(၃)လမ်း၊ သယ်နှုန်းကျွန်းကြီးကျေးရွာ၊ မင်းလှဒုံမြို့နယ်၊ ကာယညာဂဝရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးလှဌေး ထံမှ အရောင်းအဝယ်ကတိစာချုပ်(၃၁-၁၀-၂၀၁၄)ဖြင့် ပိုင်ဆိုင်သူ (၁)ဒေါ်ဖိုးဖိုးဝင်း[၅/မရန(နိုင်)၀၁၇၀၁၉]၊ (၂)ဒေါ်ဥမ္မာခိုင်[၁၂/ရပသ(နိုင်)၀၅၂၄]တို့က နှစ်(၆၀)ဂရန်လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သယ်နှုန်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေဌားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ ကျောက်စိမ်း(၂)လမ်း၊ အဆောင်(၆၃)၊ အခန်း(၃) အမည်ပေါက် ပိုင်ရှင်ဒေါ်ရာဘီယာဘီ(ခ)ဒေါ်ခင်မြင့်မြင့် [၇/ပခန(နိုင်)၁၇၁၀၉၇]ထံမှ ကျွန်မ ဒေါ်မေမီဝင်း[၉/မရမ(နိုင်)၀၀၁၅၀၁]က အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်မေမီဝင်း[၉/မရမ(နိုင်)၀၀၁၅၀၁]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊ မြေကွက်အမှတ်(၇၇၀/က)၊ မြေ ကွက်တည်နေရာအမှတ်(၇၇၀/က)၊အောင်သမြေ(စ)လမ်း၊ ၇ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်မြင့်(CJ-၀၃၆၈၁၅) နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်ခွဲ့[၁၂/သကတ(နိုင်)၁၁၄၃၇၁]မှ သေစာရင်း၊ ကျမ်းကိုနှိုလွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်နှုန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ်(၃၂၁/ခ)မြေကွက်တည်နေရာအမှတ်(၃၂၁/ခ)၊ အောင်သိဒ္ဓိလမ်း၊ ကြီးပွားရေးတောင်၊ သယ်နှုန်းကျွန်းမြို့နယ်၊ (ဒေါ်ကြင်သန်း) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ကြင်သန်း(NBN-၁၆၉၇၄၆)ကိုယ်တိုင်မှပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါမစ်ပြည့်စုံမှုမရှိသဖြင့် ဂရန်သစ်လျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဝရိတ်ခြေမိ၊ စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

